# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး
# ပဉ္စမနေ့မှတ်တမ်း

၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက် )

[ တနင်္လာနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေးရဲ့ ပဉ္စမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၂)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၃)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၉၁.၄၄)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ) တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ ပဉ္စမနေ့အစီအစဉ်ကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ ခွင့်ပန်ကြားချက်များကို ဖတ်ကြားတင်ပြပါမယ်။

ဦးထွန်းဇော်(ခ)ကိုပေါက်၊ ပဲခူး(၁၂)၊ ကျန်းမာရေး၊ ဦးဟာရှိန်းဘွေ၊ ချင်း(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ၊ ဒေါ်နန်းနီနီအေး၊ ကရင်(၆)၊ လာအိုလွှတ်တော်ဥက္ကဋ္ဌ ခရီးစဉ် လိုက်ပါရန်၊ ဦးသိမ်းဆွေ၊ ဧရာဝတီ(၁၀)၊ ကျန်းမာရေး ဖြစ်ပါတယ်။

ယခုတင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များနဲ့ပတ်သက်လို့ ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၂)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၅)ဦး ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၄)ဦးဖြစ်၍ စုစုပေါင်း လွှတ်တော်က ခွင့်ပြုထားသူ(၁၉)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာဖြစ်ပါတယ်။

**နိုင်ငံတော်အနေဖြင့် နိုင်ငံတကာဆက်ဆံရေးနှင့် နိုင်ငံသားများ၏အကျိုးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် ပြည်ပတွင် မြန်မာသံရုံးများ၊ ကောင်စစ်ဝန်ရုံးများ ဖွင့်လှစ်ထားရှိရာတွင် သံရုံး/ ကောင်စစ်ဝန်ရုံးသစ်များ ဆက်လက်ဖွင့်လှစ်သွားမည့် အစီအစဉ်နှင့် အာဆီယံနိုင်ငံများမှ ဖွင့်လှစ်ထားသည့် သံရုံးများ အရေအတွက်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ယခု ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်း က နိုင်ငံတော်အနေဖြင့် နိုင်ငံတကာဆက်ဆံရေးနှင့် နိုင်ငံသားများ၏အကျိုးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် ပြည်ပတွင် မြန်မာသံရုံးများ၊ ကောင်စစ်ဝန်ရုံးများ ဖွင့်လှစ်ထားရှိရာတွင် သံရုံး/ ကောင်စစ်ဝန်ရုံးသစ်များ ဆက်လက်ဖွင့်လှစ်သွားမည့် အစီအစဉ်နှင့် အာဆီယံနိုင်ငံများမှ ဖွင့်လှစ်ထားသည့် သံရုံးများ အရေအတွက်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးစောမော်ထွန်း ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များ၊ တက်ရောက်လာသော ဧည့်သည်တော်များအားလုံး စိတ္တသုခ၊ ကာယသုခ၊ သုခအဖြာဖြာနှင့် ပြည့်စုံတော်မူကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းများတောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောမော်ထွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အနေဖြင့် နိုင်ငံတကာဆက်ဆံရေးနဲ့ နိုင်ငံသားများရဲ့အကျိုး ကာကွယ်စောင့်ရှောက်ရေးအတွက် ပြည်ပတွင် မြန်မာသံရုံးများ၊ ကောင်စစ်ဝန်ရုံးများ ဖွင့်လှစ်ထားရှိရာမှာ သံရုံး/ကောင်စစ်ဝန်ရုံးသစ်များအား ဆက်လက်ဖွင့်လှစ်သွားမည့် အစီအစဉ်နှင့် အာဆီယံနိုင်ငံများမှာ ဖွင့်လှစ်ထားသည့် သံရုံးများ အရေအတွက်ကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးဇင်ယော် (ဒုတိယဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်းနှင့် ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် နိုင်ငံတကာဆက်ဆံရေးနှင့် နိုင်ငံသားများ၏အကျိုးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် ပြည်ပတွင် မြန်မာသံရုံး(၃၃)ရုံး၊ မြန်မာအမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ရုံး(၃)ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံး(၄)ရုံး၊ စုစုပေါင်းရုံးပေါင်း (၄၀)အား ဖွင့်လှစ်ထားရှိပါတယ်။ အဆိုပါ သံရုံး၊ အဖွဲ့ရုံးများအနက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ

အားလုံးတွင် မြန်မာသံရုံး(၉)ရုံးနှင့် မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး(၁)ရုံး၊ စုစုပေါင်း(၁၀)ရုံး ဖွင့်လှစ်ထားရှိပါတယ်။

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံလျက်ရှိရာ လက်ရှိကာလအထိ နိုင်ငံစုစုပေါင်း(၁၀၉)နိုင်ငံနှင့် သံတမန်ဆက်သွယ်မှုအား တည်ထောင်ပြီး ဖြစ်ပါတယ်။ အနာဂတ် အစီအစဉ်အနေဖြင့် နိုင်ငံတော်၏ ဘဏ္ဍာငွေခွင့်ပြုချက်အတွင်းမှ ကမ္ဘာ့ပထဝီဝင်ဒေသကြီးများအလိုက် မိမိနိုင်ငံတော်နှင့် နိုင်ငံရေး၊ စီးပွားရေးဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှု၊ အရေးပါမှုများအပေါ် မူတည်၍ ပြည်ပနိုင်ငံများတွင် မြန်မာသံရုံးများ တိုးချဲ့ဖွင့်လှစ်ရေးကို ဘဏ္ဍာရေးနှစ်အလိုက် စီမံချက်ရေးဆွဲ ဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး အာဆီယံနိုင်ငံများမှ ၎င်းတို့၏ ပြည်ပနိုင်ငံများမှာ သံရုံးများ၊ အဖွဲ့ရုံးများ၊ ကောင်စစ်ဝန်ချုပ်ရုံးများ ဖွင့်လှစ်ထားရှိမှု အခြေအနေကို တင်ပြပါမယ်။ ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် သံရုံးပေါင်း (၂၄)ရုံး၊ အဖွဲ့ရုံး(၃)ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး(၈)ရုံး အပါအဝင် စုစုပေါင်း(၃၅)ရုံး ဖွင့်လှစ်ထားရှိပါတယ်။ ဘရူနိုင်းနိုင်ငံအနေဖြင့် သံရုံးများ၊ အဖွဲ့ရုံးများ၊ ကောင်စစ်ဝန်ချုပ်ရုံးများ စုစုပေါင်း(၄၂)ရုံး ဖွဲ့ထားပါတယ်။ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် သံရုံးများ၊ အဖွဲ့ရုံးများ၊ ကောင်စစ်ဝန်ချုပ်ရုံးများ စုစုပေါင်း (၁၃၁)ရုံး ဖွင့်လှစ်ထားရှိပါတယ်။ မလေးရှား နိုင်ငံအနေဖြင့် သံရုံးများ၊ အဖွဲ့ရုံးများ၊ ကောင်စစ်ဝန်ချုပ်ရုံးများ စုစုပေါင်း(၁၀၄)ရုံး ဖွင့်လှစ်ထား ရှိပါတယ်။ လာအိုနိုင်ငံအနေဖြင့် သံရုံးများ၊ အဖွဲ့ရုံးများ၊ ကောင်စစ်ဝန်ချုပ်ရုံးများ စုစုပေါင်း (၃၃)ရုံး ဖွင့်လှစ်ထားပါတယ်။ ဖိလစ်ပိုင်နိုင်ငံ အနေဖြင့် သံရုံးများ၊ အဖွဲ့ရုံးများ၊ ကောင်စစ်ဝန် ချုပ်ရုံးများ စုစုပေါင်း(၁၆၂)ရုံး ဖွင့်လှစ်ထားရှိပါတယ်။ စင်ကာပူနိုင်ငံ အနေဖြင့် သံရုံးများ၊ အဖွဲ့ရုံးများ၊ ကောင်စစ်ဝန်ချုပ်ရုံးများ စုစုပေါင်း(၄၈)ရုံး ဖွင့်လှစ်ထားပါတယ်။ ထိုင်းနိုင်ငံအနေဖြင့် သံရုံးများ၊ အဖွဲ့ရုံးများ၊ ကောင်စစ်ဝန်ချုပ်ရုံးများ စုစုပေါင်း(၉၅)ရုံး ဖွင့်လှစ်ထားရှိပါတယ်။ ဗီယက်နမ်နိုင်ငံ အနေဖြင့် သံရုံးများ၊ အဖွဲ့ရုံးများ၊ ကောင်စစ်ဝန်ချုပ်ရုံးများ စုစုပေါင်း(၈၃)ရုံး ဖွင့်လှစ်ထားရှိလျက် ရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**၂၀၁၄ ခုနှစ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သန်းခေါင်စာရင်း ကောက်ယူမည်ဖြစ်ရာ မသန်စွမ်းသူတို့နှင့် အသိဉာဏ်ခံစားမှု မသန်စွမ်းသူတို့၏ စစ်တမ်းကို ထည့်သွင်းကောက်ယူရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာတင်ရွှေ က ၂၀၁၄ ခုနှစ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သန်းခေါင်စာရင်း ကောက်ယူမည်ဖြစ်ရာ မသန်စွမ်းသူတို့နှင့် အသိဉာဏ်ခံစားမှု မသန်စွမ်းသူတို့၏ စစ်တမ်းကို ထည့်သွင်းကောက်ယူရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဒေါက်တာတင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ တပ်မတော် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး ချမ်းသာကိုယ်စိတ် မြဲပါစေကြောင်း လေးစားစွာဖြင့် ဆုမွန်ဂါရဝ ပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဦးစွာ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား၊ မသန်စွမ်း အကြောင်းနဲ့ ပတ်သက်၍ အနည်းငယ်မျှ ကျွန်တော် ရှင်းလင်းခွင့်ပြုပါရန် လေးစားစွာပန်ကြား အပ်ပါတယ်။ ကျွန်တော်တို့ မသန်စွမ်းဖြစ်ရတဲ့ အကြောင်းအရင်းဟာ Congenital ခေါ်တဲ့ မွေးရာပါ တစ်ခု၊ ဒုတိယတစ်ချက်အနေနဲ့ Acquired လို့ခေါ်တဲ့ လူတွေကြောင့်ဖြစ်ပေါ်လာရတဲ့ အကြောင်းတရားတစ်ခု၊ Acquired ဆိုတာ Acquired ဒါဟာ AIDS ရဲ့ ရှေ့ဆုံးစကားလုံး A ကို အဓိပ္ပာယ်ဖွင့်လိုက်ခြင်းပဲဖြစ်ပါတယ်။ လူတွေကြောင့်ဖြစ်တဲ့ အကြောင်းတရားကို Acquired လို့ ခေါ်ပါတယ်။ ဒါ ကျွန်တော်တို့ ဆေးပညာ သင်ခဲ့စဉ်ကတည်းက ဒီစကားလုံးတွေဟာ အကျွမ်းတဝင် ဖြစ်နေတဲ့အတွက် Knowledge ကို Share လုပ်ခြင်းပဲ ဖြစ်ပါတယ်။

အဲဒီတော့ Congenital မွေးရာပါတဲ့ အကြောင်းတရားကတော့ ကျွန်တော်တို့ ဒါအထူးအထွေ ရှင်းစရာမလိုတော့ပါဘူး။ မွေးကတည်းကပါလာတယ်ဆိုတဲ့ အဓိပ္ပာယ်ပါ။ ဒုတိယဖြစ်တဲ့ Acquired ဆိုတာ ကတော့ လူတွေရဲ့ ဖန်တီးမှုကြောင့် ဖြစ်တာပါ။ ကျွန်တော်တို့ ယနေ့ ကြားနေရတဲ့ စစ်ပွဲတွေ၊ အနိဌာရုံတွေ မြင်တယ်။ မသေဘူး။ အရှင်ဖြစ်ပေမယ့် မလှုပ်ရှားနိုင်တဲ့ ခြေ၊ လက်တွေ တစ်ဖြေးဖြေးချင်း ပုပ်လာတဲ့အခါမှာ ဒီသွေးကြောမလျှောက်နိုင်တဲ့ အတွက်ကြောင့်မို့လို့ ဖြတ်ပစ်လိုက်ရတဲ့ Imitation လုပ်လိုက်ရတဲ့ ပြဿနာတွေ၊ တချို့ ကျောင်းသားငယ်တွေ၊ ကျွန်တော်ကျောင်း ကျန်းမာရေး ကိုယ့်အားကိုယ်ကိုး လုပ်နေတဲ့အချိန်မှာ ကျောင်းသားလေးတစ်ယောက်ဟာ ဒီအမေနဲ့ပဲ နေရတဲ့အတွက် မဆုံးမနိုင်တဲ့ အတွက်ကြောင့်မို့လို့ ကျောင်းပြေး၊ မီးရထားခိုးစီး၊ မီးရထားပေါ်ကပြုတ်ကျ သူ့ထိုက်နဲ့ သူ့ကံ ခြေထောက်နှစ်ဖက်စလုံး ပြတ်တဲ့ ကျောင်းသားကလေးကို ကျွန်တော် တွေ့ခဲ့ရပါတယ်။

အလားတူပဲ ကျွန်တော်တို့ရဲ့ သပြေကုန်းဈေး၊ ပျဉ်းမနားဈေး၊ ရန်ကုန်မြို့မှာလည်း တွေ့ပါတယ်။ တချို့လည်းပဲ ဒီလိုပဲ Wheel Chair လေးနဲ့ သွားပြီးတော့ မိမိရဲ့ ဘဝကိုမိမိသိရှိလာပြီးတဲ့ အခါမှာ အမြင်မှန်ရတဲ့အတွက် မသန်သော်လည်း စွမ်းပါတယ်ဆိုတာ ပြနိုင်အောင် ကျွန်တော်တို့ ထီလိုက်ရောင်းတဲ့ ပုဂ္ဂိုလ်တွေလည်း တွေ့ရပါတယ်။ ဒါတွေဟာကြည့်လိုက်လို့ ရှိရင် အကြောင်းတရားနဲ့ အကျိုးတရား Effective နဲ့ Efficiency ဆိုတာတွေ တွေ့ရတဲ့သဘော ရှိပါတယ်။ ဒီပုဂ္ဂိုလ်ကလည်းပဲ မီးရထားပေါ်ကနေကျပြီးတော့ မီးရထား ခိုးစီးတယ်။ ကြားထဲမှာ ဝင်ထိုင်တယ်။ ထိုင်ရင်းကနေ ပြုတ်ကျတယ်။ မီးရထား ကြိတ်ခံလိုက်ရတဲ့အဖြစ်တွေ၊ ဒါကြောင့်မို့လို့ ကျွန်တော်တို့ မသန်စွမ်းမှာ(၂)မျိုးတွေ့ရပါတယ်။

တစ်ခါ ပိုလီယိုခေါ်တဲ့ ရောဂါဝေဒနာကြောင့် ဖြစ်တာကတော့ ဆေးထိုးအားနည်းနေတဲ့ အချိန်မှာ ဆေးထိုးမိလိုက်တဲ့အတွက်ကြောင့်တစ်ကြောင်း ဒါကြောင့် ဖြစ်သွားတဲ့ အနေအထားမျိုး တွေ့ရပါတယ်။ ဒါကြောင့် Congenital နဲ့ Acquired ဟာ မသန်စွမ်းသူတွေအတွက် ဖြစ်ရပါတယ်။ သို့သော်လည်း ယနေ့ ကမ္ဘာ့ကုလသမဂ္ဂကနေ လူသားချင်းစာနာထောက်ထားတဲ့အတွက် ကျွန်တော်တို့ ဒီဇင်ဘာလ ၃ ရက်နေ့ကို မသန်စွမ်းနေ့ရယ်လို့ သတ်မှတ်ပြီးတော့ ယနေ့ ကမ္ဘာနဲ့ အဝှမ်း ကျင်းပနေကြတာကိုလည်း ကျွန်တော်တို့ ဂုဏ်ယူဖွယ် တွေ့ရှိရပါတယ်။ ဒါကြောင့်မိုလို့ ဒီမသန်စွမ်းမှုဟာ ဒီ ပြီးခဲ့တဲ့ ဒီဇင်ဘာလ ၃ ရက်နေ့ မသန်စွမ်းနေ့ကို ကြိုဆိုတဲ့အနေနဲ့ ရန်ကုန်က

နေပြီးတော့ ကျွန်တော်တို့ နေပြည်တော်၊ နောက်တစ်ခါ မန္တလေးကနေပြီးတော့ နေပြည်တော် (၇)ညအိပ် (၈)ရက်ခရီးတို့၊ (၅)ညအိပ် (၆)ရက်ခရီးတို့နဲ့ ဒီဝင်ပြီးတော့ သူတို့ရဲ့ အားမာန်တွေကို ဖော်ညွှန်းတဲ့အတွက်လည်း ပြည်ထောင်စုဝန်ကြီးဌာနဖြစ်တဲ့ လူမှုဖူလုံရေးနဲ့ ပြန်လည်ကယ်ဆယ် နေရာချထားရေးအဖွဲ့က လူမှုဝန်ထမ်းနဲ့ ပြန်လည်ကယ်ဆယ်နေရာချထားရေးဝန်ကြီးဌာနကနေ ဆုများချီးမြှင့်တာလည်း ဝမ်းမြောက်ဖွယ် အားပေးနေတယ်ဆိုတာ တွေ့ရှိရပါတယ်။

ယနေ့ဆိုရင်တော့ NGO လို့ပဲ ခေါ်မလား၊ INGO လို့ပဲခေါ်မလား၊ အထောက်အပံ့တွေ ရပြီးတော့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်းပဲ Foundation တွေ ဖွဲ့နေတာကိုတွေ့ရပါတယ်။ ဒါကြောင့် မသန်စွမ်းတဲ့အတွက် ပုဂ္ဂိုလ်တွေဟာ ကျွန်တော်တို့ ကမ္ဘာ့ကုလသမဂ္ဂ ကပါ အသိအမှတ် ပြုတဲ့ Convention တစ်ခုဖြစ်လာတဲ့အတွက် ကျွန်တော်တို့က မသန်စွမ်းတဲ့ပုဂ္ဂိုလ်တွေ ကျွန်တော် တို့ရဲ့ စတုတ္ထအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကြီးမှာလည်း ကျွန်တော်တို့ရဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးကနေ မသန်မစွမ်းဆိုတဲ့ စကားရပ်အစား မသန်စွမ်းလို့ ခေါ်ပါ ဆိုပြီးတော့ ဖော်ပြခဲ့တာလည်း ရှိပါတယ်။

နောက် ကျွန်တော်တို့ရဲ့ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ရဲ့ အခန်း(၁)မှာ နိုင်ငံတော်အခြေခံမူဝါဒများမှာလည်း ပုဒ်မ ၂၈၊ ပုဒ်မ ၃၂ ဆိုပြီး ပြဋ္ဌာန်းထား ပါတယ်။ ပုဒ်မ ၃၂ မှာ တပ်မတော်သားတွေရဲ့ ခံစားရတဲ့၊ ဒီမှာတော့ သူ မသန်မစွမ်းဆိုတာကို လုပ်ထုံးလုပ်နည်းနဲ့အညီ ရေးသားထားခြင်းဖြစ်ပါတယ်။ ဒါတွေကိုလည်းပဲ တပ်မတော်သား မသန်စွမ်းသူတွေကို အထူး ကူညီထောက်ပံ့ရမယ်။ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုတဲ့ ပညာရပ်တွေကို အခမဲ့ သင်ကြားရမယ်ဆိုတာ ပြဋ္ဌာန်းထားတာလည်း ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ဝိသေသထူးတစ်ခု ဖြစ်တယ်ဆိုတာ ကျွန်တော်တို့ ဂုဏ်ယူရမှာ ဖြစ်ပါ တယ်။

ဒါကြောင့်မိုလို့ ကျွန်တော်တို့ ကဏ္ဍကြီး(၆)ရပ်အနေနဲ့လည်း ကျွန်တော်တို့ မူချမှတ်ထား ပါတယ်။ (၁) မသန်စွမ်းတဲ့သူတွေကို ကျွန်တော်တို့ ပညာရည် မြှင့်တင်ရေးဆိုတာ ဖြစ်ပါတယ်။ (၂)ကတော့ အသက်မွေးဝမ်းကျောင်းအတတ်ပညာနဲ့ ကျွန်တော်တို့ အလုပ်အကိုင်ရရှိရေးဆိုတာ ကို ဦးတည်ပါတယ်။ နောက်အချက်(၃) အနေနဲ့ကတော့ ကျန်းမာရေးစောင့်ရှောက်မှုကို မြှင့်တင်ရန် ဖြစ်ပါတယ်။ (၄) အနေနဲ့ကတော့ ကျွန်တော်တို့ ပတ်ဝန်းကျင် အသိုက်အဝန်း ဒီ Enviromental

Community ကို ဝင်ဆန့်နိုင်ရေးဆိုတဲ့ အချက်ပဲဖြစ်ပါတယ်။ (၅)ကတော့ ကျွန်တော်တို့ စွမ်းရည်ခိုင်မာရေးနဲ့ စိတ်ဓာတ်မြှင့်တင်ရေးကို ဆောင်ရွက်ပေးရမယ်လို့ ဒီကဏ္ဍကြီး(၅)မှာ ဖော်ပြထားပါတယ်။

နောက် ကျွန်တော်တို့ ကဏ္ဍ(၆)အနေနဲ့ကတော့ လူမှုရေးရာ ထောက်ပံ့မှုတွေကို ကူညီပေးရမယ်ဆိုပြီးတော့ ကျွန်တော်တို့ အချက်ကြီး(၆)ချက်နဲ့ ကဏ္ဍကြီး(၆)ရပ်ကို မသန်စွမ်းသူတွေအတွက် ယနေ့ လူမှုဝန်ထမ်းကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးကနေ ဆောင်ရွက်နေပါတယ်။ ဒီဝန်ကြီးဌာနကိုလည်းပဲ မှတ်ပုံတင်ထားတဲ့အဖွဲ့တွေ ကျွန်တော်တို့ ဆွေးနွေးပွဲတက်တဲ့အခါမှာ ကြားသိရပါတယ်။ ဒါကြောင့်မိုလို့ ကျွန်တော်တို့ ကမ္ဘာ့ကုလသမဂ္ဂ ကလည်း အရေးပါစွာနဲ့ ကျွန်တော်တို့ မသန်စွမ်းတွေကို ဆောင်ရွက်တယ်။ သို့သော်လည်းပဲ မြန်မာနိုင်ငံမှာ ဟိုတစ်ဖွဲ့က အရေအတွက်ဘယ်လောက်၊ ဒီအဖွဲ့က အရေအတွက် ဘယ်လောက် ဆိုပြီးတော့ ပြောနေတဲ့အတွက် ကျွန်တော်တို့ယနေ့ ၂၀၁၄ Census of Year လုပ်မယ့်နေ့မှာ ကျွန်တော်တို့ မသန်စွမ်းဖြစ်ရတဲ့ အရေအတွက်ဟာ ကျွန်တော် ခုနက တင်ပြသလို ပြည်သူတွေထဲကလည်း ပါတယ်။ မွေးရာပါတွေအတွက်ကလည်း ပါတယ်။ တပ်မတော်သားတွေကလည်း နိုင်ငံ့အတွက် အားကြိုးမာန်တက်နဲ့ဆောင်ရွက်၊ အသက်ပေး စွန့်လွှတ်ဆောင်ရွက်မယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ သတ္တိရှိစွာ ဆောင်ရွက်တဲ့အတွက် ဒီပုဂ္ဂိုလ်တွေကို ရှေးယခင်ကတော့ ဂုဏ်ပြုပွဲတွေ ပြုလုပ်ခဲ့တာတွေ့ရပါတယ်။

နိုင်ငံတော် အကြီးအကဲများက ဂုဏ်ပြုတဲ့ အခုတလောတော့ သိပ်မတွေ့ရပါဘူး။ ဒါတွေကိုလည်း နည်းနည်းလေးဖြည့်စွက်ပြီး ဆောင်ရွက်ပေးဖို့အတွက် ကြုံကြိုက်တဲ့အချိန်မှာ အကြံပြုလိုပါတယ်။ ဒါကြောင့်ကျွန်တော်တို့ ထိုပုဂ္ဂိုလ်တွေကို ကျွန်တော်တို့ မြန်မာနိုင်ငံမှာ မကြာခင်မှာလည်းပဲ ၂၀၁၄ Census of Year မှာလုပ်မယ့်အတွက် တိုက်ဆိုင်နေတဲ့အတွက် ဒီသန်းခေါင်စာရင်း ပြုလုပ်မယ့်အချိန်မှာ ကျွန်တော်တို့ မသန်စွမ်းဦးရေကို တိတိကျကျရမယ်ဆိုရင်ဖြင့် Reducing of Property တွက်ချက်တဲ့နေရာမှာလည်း ကျွန်တော်တို့ အဖြေမှန်ရနိုင်မှာ ဖြစ်ပါတယ်။ နောက်ဒီဟာကို ရည်ညွှန်းပြီးတော့ နိုင်ငံသူ/နိုင်ငံသားတို့ရဲ့အနက်ကနေ မသန်စွမ်းဖြစ်ရတဲ့ သူတွေရဲ့ အရေအတွက်အတိအကျ (Definite Data) ကို ရဖို့အတွက် ကျွန်တော်

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီး ဌာနသို့ လေးစားစွာမေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၂၃။**

**ဦးဝင်းမြင့် (ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာတင်ရွှေ မှ ၂၀၁၄ ခုနှစ်မှာ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်၏ သန်းခေါင်စာရင်း ကောက်ယူမည်ဖြစ်ရာ မသန်စွမ်းသူတို့နှင့် အသိဉာဏ်ခံစားမှု မသန်စွမ်းသူတို့၏ စစ်တမ်းကို ထည့်သွင်းကောက်ယူရန် အစီအစဉ် ရှိ/မရှိကို သိလိုပါကြောင်း မေးမြန်းချက်နဲ့ ပတ်သက်ပြီးတော့မှ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးဝင်းမြင့် က ပြန်လည်ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုဝန်ကြီးအနေဖြင့် တာဝန်အဖြစ် ခရီးလွန်နေပါ၍ ကိုယ်စား ရှင်းလင်းဖြေကြားခွင့် ပြုပါရန်လည်း ဥက္ကဋ္ဌကြီးထံ တင်ပြအပ်ပါတယ်။

၂၀၁၄ ခုနှစ်မှာ ကောက်ယူမယ့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှာ မသန်စွမ်းသူတို့နှင့် ပတ်သက်သည့် မေးခွန်းများကို မေးမြန်းရန် ထည့်သွင်းစီစဉ်ထားရှိမည် ဖြစ်ပါသည်။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနဟာ ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူ ရာမှာ အသုံးပြုမယ့် မေးခွန်းပုံစံပြုစုခြင်းလုပ်ငန်းအား သန်းခေါင်စာရင်း ကြိုတင်ပြင်ဆင်မှု လုပ်ငန်းတစ်ခုအဖြစ် ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ နိုင်ငံတကာ စံချိန်၊ စံညွှန်းနှင့်ကိုက်ညီသည့် မေးခွန်းပုံစံ ဖြစ်စေရေးအတွက် ၁၉၈၃ ခုနှစ်မှာ ကောက်ယူခဲ့တဲ့ သန်းခေါင်စာရင်း မေးခွန်းပုံစံ၊

နိုင်ငံတကာမှာ ၂၀၁၀ ခုနှစ်ပတ်ဝန်းကျင်က ကောက်ယူခဲ့တဲ့ သန်းခေါင်စာရင်းများမှာ အသုံးပြုခဲ့တဲ့ မေးခွန်းပုံစံများပေါ်မှာ အခြေခံပြီးတော့မှ ပြည်တွင်းပညာရှင်များ၊ နိုင်ငံတကာပညာရှင်များရဲ့ အကြံပြုချက်များ၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများအတွက် ဦးစားပေး လိုအပ်ချက်များ၊ ကုလသမဂ္ဂစာရင်းအင်းဌာနခွဲမှ ပြုစုထုတ်ဝေထားသည့် အကြံပြုချက်များအပေါ် အခြေခံထား ပြီးတော့မှာ ပြုစုခဲ့ခြင်း ဖြစ်ပါတယ်။

သန်းခေါင်စာရင်း မေးခွန်းမှာ မသန်စွမ်းမှုအခြေအနေကို ဇယားတိုင်တစ်ခုအဖြစ် သီးသန့်ပါဝင်ထားတာ ဖြစ်ပါတယ်။ ၎င်းကဏ္ဍမှာ ကိုယ်အင်္ဂါ မသန်စွမ်းသူ၊ မျက်မမြင်၊ ဆွံ့အ၊ နားမကြား၊ စိတ်မမှန်၊ အခြားစသည်တို့ ပါဝင်တဲ့ အချက်အလက်များကို ပါဝင်မှာဖြစ်ပါတယ်။ ပြုစုပြီးဖြစ်တဲ့ မေးခွန်းပုံစံကို ၆-၉-၂၀၁၂ ရက်နေ့မှာ အချက်အလက် အသုံးပြုသူများ အလုပ်ရုံ ဆွေးနွေးပွဲကို ပြုလုပ်ခဲ့ပြီးတော့မှ ဆက်စပ်ပတ်သက်တဲ့ဌာန အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ် များကို ဖိတ်ကြား၍ မေးခွန်းပုံစံမူကြမ်းကို ထပ်ဖြည့်ခြင်း၊ အတည်ပြုခြင်းများ ဆောင်ရွက်နိုင်ရန် ထပ်ဆင့်ဆွေးနွေးခဲ့ပါတယ်။ အလုပ်ရုံဆွေးနွေးပွဲမှာ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာနမှ မသန်စွမ်းမှုအခြေအနေကို လေ့လာဆန်းစစ်နိုင်ရန် ထည့်သွင်း သွားမည့် မေးခွန်းများကိုလည်း အသေးစိတ်ဆွေးနွေး ညှိနှိုင်းခဲ့ပြီး ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ် ကြီးများခင်ဗျား။ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများသို့ မေးခွန်းပုံစံနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည့် ဆွေးနွေးပွဲကိုလည်း ၂-၁၀-၂၀၁၂ ရက်နေ့မှာ ရန်ကုန်မြို့၌ ကျင်းပခဲ့ပါတယ်။ ထိုမေးခွန်းပုံစံကို ၁၀-၁၀-၂၀၁၂ ရက်နေ့မှာ ပြုလုပ်ခဲ့တဲ့ ဗဟိုသန်းခေါင်စာရင်း ကော်မရှင်အစည်းအဝေးတွေမှာ အတည်ပြုချက် ရယူခဲ့ပြီးတော့မှ နိုင်ငံတော်အကြီးအကဲထံလည်း တင်ပြအတည်ပြုချက် ရယူဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းအတွက် အကြံပြုလိုသူများ ရှိပါကလည်း အချိန်အခါ မရွေး အထူးကျေးဇူးတင်စွာ လက်ခံရယူသွားမှာဖြစ်ကြောင်းနှင့် ပြည်သူ့ကိုယ်စားလှယ်တော်ကြီး များကလည်း အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သည့် ဒီလုပ်ငန်းစဉ်ကြီးကို ဒေသခံပြည်သူများ အား စာရင်းကောက်များ မေးမြန်းသမျှကို ပြည့်စုံမှန်ကန်စွာ ဖြေကြားစေရေးအတွက် ဝိုင်းဝန်း

ကူညီဆောင်ရွက်ပေးကြပါရန် လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဒေါက်တာတင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ ကျွန်တော် လေးစားစွာဖြင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းခွင့်ရတဲ့အတွက် ဖြေကြားသွားသော ကျွန်တော်တို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရဲ့ ဒုတိယဝန်ကြီး အားအထူးပဲ ကျေးဇူးတင်ရှိကြောင်း ဦးစွာတင်ပြလိုပါတယ်။ ဒုတိယဝန်ကြီးရဲ့ တင်ပြမှုမှာ ကျွန်တော့်အနေနဲ့ အကြံပြုလိုတာကတော့ Leprosy လို့ခေါ်တဲ့ လူနာတွေ၊ ဒီပုဂ္ဂိုလ်တွေဟာ တချို့ လက်တွေ၊ ခြေထောက်တွေက Deformity ပေါ့။ မြန်မာပြန်လို့တော့ ချို့ယွင်းမှုလေးတွေ ရှိပါတယ်။ ဒါကြောင့် ဒီလို ပုဂ္ဂိုလ်မျိုးတွေကိုရော ထည့်သွင်းပြီးတော့ ကျွန်တော်တို့ တစ်ပါတည်း ကောက်ခံထားရင်ဖြင့် တစ်နေ့ ကမ္ဘာ့ကုလသမဂ္ဂက Exprect တွေပဲလာလာ၊ အခြားပုဂ္ဂိုလ်တွေကပဲ WHO ကပဲ မေးမေး ကျွန်တော်တို့ ဖြေနိုင်အောင် မြန်မာနိုင်ငံမှာ ဒီ အရေပြား၊ ယဥ်ယဥ်ကျေးကျေး ပြောရင်တော့ အရေပြားပေါ့နော်၊ အနာကြီးဝေဒနာရှင် ဘယ်ရွေ့ဘယ်မျှ ရှိတယ်ဆိုတာသိအောင် ကျွန်တော်တို့ ဒီ Leprosy ဖြစ်တဲ့ ပုဂ္ဂိုလ်တွေရဲ့ အရေအတွက်ကိုပါ တစ်ပါတည်း ကောက်ခံထည့်သွင်းထားရင်ဖြင့် လုံလောက်လိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ လေးစားစွာ အကြံပြုအပ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီးအား အထူးပဲကျေးဇူးတင်ရှိပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဦးဝင်းမြင့် (ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)။** ။ ကျွန်တော်တို့ သန်းခေါင်စာရင်း ကောက်မယ့်ထဲမှာ ဒီ Leprosy ကိစ္စလည်း ကျွန်တော်တို့ ပါပါတယ်ခင်ဗျား။ ကျွန်တော်တို့ အဲဒီသတ်မှတ်ထားတဲ့ သန်းခေါင်စာရင်း ရည်ညွှန်းချိန်မှာရှိကြတဲ့ မြန်မာနိုင်ငံအတွင်းမှာရှိကြတဲ့ ကျွန်တော်တို့ သံရုံးနဲ့သံတမန်များက လွဲပြီးတော့မှ ကျန်တဲ့လူအကုန်လုံးကို ထည့်သွင်းကောက်ခံပြီးသွားမှာဖြစ်တဲ့အကြောင်း တင်ပြလိုပါတယ်။

## တနင်္သာရီတိုင်းနှင့် ကော့သောင်းခရိုင်အတွင်း တယ်လီဖုန်းလိုင်းများ ကောင်းမွန်ရေးအတွက် ဆောင်ရွက် သွားမည့် အစီအစဉ်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှအေး က တနင်္သာရီတိုင်းနှင့် ကော့သောင်းခရိုင်အတွင်း တယ်လီဖုန်းလိုင်းများ ကောင်းမွန်ရေး အတွက် ဆောင်ရွက်သွားမည့် အစီအစဉ်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဦးလှအေး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုဝန်ကြီးများနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အားလုံးမင်္ဂလာပါလို့ လေးစားစွာ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ကိုယ်စားလှယ် ဦးလှအေး ဖြစ်ပါတယ်။ လွှတ်တော် ဥက္ကဋ္ဌကြီးကတစ်ဆင့် ကျွန်တော် မေးမြန်းခွင့်ရတဲ့ မေးခွန်းကတော့ တနင်္သာရီတိုင်းအတွင်းနှင့် ကော့သောင်းခရိုင်အတွင်းမှာ တယ်လီဖုန်းလိုင်းများ ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမယ့် အစီအစဉ်နဲ့ ပတ်သက်လို့ သိရှိလိုတဲ့အတွက် မေးမြန်းရခြင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကော့သောင်းမြို့နယ်အတွင်းမှာ GSM တယ်လီဖုန်းလိုင်းများကို လုပ်သားပြည်သူ များထံကို အရစ်ကျ ငွေပေးချေစနစ်နဲ့ ရောင်းချလျက်ရှိတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ ပြည်သူတွေက ဝမ်းမြောက်ဝမ်းသာ ကျေးဇူးတင်လျက်ရှိပါတယ်။

ဒါပေမဲ့လို့ ကျွန်တော် တယ်လီဖုန်းသုံးစွဲသူ တိုးတက်လာတာနဲ့အမျှ တယ်လီဖုန်းလိုင်း ခေါ်ဆိုရာမှာလည်းပဲ အကြိမ်ကြိမ်ခေါ်ဆိုနေရခြင်း၊ လိုင်းဝင်တဲ့အခါမှာလည်း စက္ကန့်ပိုင်း အတွင်း လိုင်းပြတ်တောက်ခြင်း၊ ထပ်မံပြီးတော့ ခေါ်တဲ့အခါမှာလည်း Error in Connection တို့၊ Network Busy တို့ စသည်ဖြင့် အကြိမ်ကြိမ် ပြသနေပါတယ်။ နောက်တစ်ခုကတော့ မိုးခြိမ်းလို့ရှိရင်လည်း ကျွန်တော်တို့ တယ်လီဖုန်းလိုင်းတွေကို ပိတ်ထားတာမျိုးရှိပါတယ်။ ဒါကြောင့်မို့လို့ ကော့သောင်း မြို့နယ် တစ်ဖက်ကမ်းနဲ့ ထိုင်းနိုင်ငံ၊ ရနောင်းမြို့ဟာ ထိစပ်လျက်ရှိတဲ့ အတွက်ကြောင့်မို့လို့

ထိုင်းနိုင်ငံက တယ်လီဖုန်းလိုင်းတွေကို ဒါ ကျွန်တော်တို့ ပြည်သူတွေက တော်တော်များများ သုံးစွဲနေကြပေမယ့်လို့ ခုအချိန်ထိ လိုင်းမကောင်းတာတို့ ဘာတို့က ဖြစ်ခဲ့တဲ့ကိစ္စ ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ Sim Card အနေနဲ့ဆိုရင် ကျွန်တော်တို့ ထိုင်းမှာ ဆိုရင် ဘတ်(၅၀)၊ ဗမာငွေနဲ့ဆိုရင် (၁၅၀၀)ဖြစ်ပါတယ်။ ကျွန်တော်တို့ (၁၅)ဘတ် ကတော့ Free ပြောခွင့်ရတဲ့အတွက်ကြောင့်မို့လို့ ဘတ်(၃၀)ဆိုရင် ဗမာငွေ(၁၀၀၀)လောက်ပဲကျပါတယ်။ ဒါကြောင့် တန်ဖိုးနည်းပြီး ဝန်ဆောင်မှုကောင်းသလို ကျွန်တော်တို့ ဆက်သွယ်ရေးကလည်း အခုအခါမှာ ကျွန်တော်တို့ ကော့သောင်းမြို့နယ်ထဲမှာရှိတဲ့ လုပ်သားပြည်သူအတွက်ကို ဖုန်းတွေတော့ ချထားပေးပါတယ် ဒါပေမယ်လို့ ဝယ်ပြီးတော့မှာ နည်းနည်းလေး လိုင်းတွေအခက်အခဲ ရှိလာတဲ့အတွက် ကြောင့်မို့လို့ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ တနင်္သာရီတိုင်းနှင့် ကော့သောင်းခရိုင် အတွင်းမှာ တယ်လီဖုန်းလိုင်းများ ကောင်းမွန်ရေးအတွက် မည်သို့ဆက်လက်ဆောင်ရွက်ထားသည်ကို သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် မေးမြန်းလိုပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၃၃။**

**ဦးဝင်းသန်း (ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဦးစွာပထမ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးမှာ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှအေး ရဲ့ ကော့သောင်းမြို့နယ်အတွင်းမှာ GSM တယ်လီဖုန်းဆက်သွယ်ရေး စနစ် ကောင်းမွန်အောင် ဆောင်ရွက်မယ့်အစီအစဉ်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းပြီး မေးခွန်းများကို ကျွန်တော့်အနေနဲ့ ပြန်လည်ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကော့သောင်းမြို့နယ် အတွင်းမှာရှိတဲ့ GSM တယ်လီဖုန်းဆက်သွယ်မှု စနစ်များရဲ့ အဝေးဆက်သွယ်မှုအဖြစ် အသုံးပြုတဲ့ Micro Wave ဆက်ကြောင်းတွေဟာ ကျွန်တော်တို့ ရာသီဥတု ဆိုးရွားတဲ့အချိန်မှာ Fading လို့ခေါ်တဲ့ ဒီရာသီဥတု ဆိုးဝါးမှုကြောင့်၊ ဒီ ရာသီဥတုပေါ် မူတည်ပြီးတော့ ပြောင်းလဲမှုနဲ့ အခြေအနေတွေနဲ့ ဖမ်းယူရရှိတဲ့ Signal တွေဟာ ပမာဏအနေနဲ့ အတက်အကျတွေပဲ ဖြစ်ပါတယ်။

ဒါကြောင့်မို့လည်း ဒီရာသီဥတု ဆိုးရွားတဲ့အချိန်မှာ လိုင်းပြတ်တောက်ခြင်းတွေ ဖြစ်ခဲ့တဲ့ အတွက် Micro Wave ဆက်ကြောင်းတွေကို စက်မှုပိုင်းဆိုင်ရာအရ ကျွန်တော်တို့ ပြန်လည် စစ်ဆေး ချိန်ညှိမှုများ ပြုလုပ်ခဲ့တာလည်း ကျွန်တော်တို့ ၂၀၁၂ ဒီဇင်ဘာလ ၁၄ရက်နေ့မှာ အားလုံး ဆောင်ရွက်ပြီး ဖြစ်တဲ့အတွက် ဆက်သွယ်မှု ကောင်းမွန်နေပြီဖြစ်ကြောင်း ကျွန်တော်တို့ တွေ့ရှိရပါတယ်။ နောင်အချိန်မှာလည်း ကျွန်တော်တို့ ဒေသခံပြည်သူလူထုတွေ ဆက်သွယ်ရေး စနစ်များ ယခုထက်ပိုမိုကောင်းမွန်အောင် ကျွန်တော်တို့ ကြိုကြိုတင်တင်နဲ့ Micro Wave ဆက်ကြောင်းတွေရဲ့ စက်မှုပိုင်းဆိုင်ရာ ပြင်ဆင်မှုတွေ၊ ချို့ယွင်းမှုတွေကို၊ ဖြည့်ဆည်းမှုတွေကို၊ လိုအပ်တာတွေကို ကျွန်တော်တို့ ပြုပြင်ဖို့အတွက် အချိန်နှင့်တစ်ပြေးညီ စစ်ဆေးချိန်ညှိမှုများ ပြုလုပ်ပေးသွားမှာဖြစ်ကြောင်း ကျွန်တော် လေးစားစွာဖြင့် ပြန်လည်ရှင်းလင်း ဖြေကြားအပ်ပါ တယ်။ အားလုံး ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ခန္တီးမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်တို့တွင် အားကစားမှူးတစ်ဦး ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ချစ်လွင် က ခန္တီးမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်တို့တွင် အားကစားမှူးတစ်ဦးစီ ခန့်ထား ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၅။**

**ဦးအောင်ချစ်လွင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တက်ရောက်လာကြတဲ့ ဧည့်သည်တော်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်

ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ချစ်လွင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ခန္တီးမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်များမှာ အားကစားမှူးတစ်ဦးစီ ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနဲ့ ဆက်စပ်မေးခွန်းများကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ခန္တီးမြို့ဟာ ခန္တီးခရိုင်မြို့တစ်မြို့ဖြစ်ပြီး ခန္တီးခရိုင်အတွင်းမှာ ခန္တီးမြို့နယ်၊ ဟုမ္မလင်းမြို့နယ်နဲ့ နာဂဒေသ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသဖြစ်တဲ့ လေရှီးမြို့နယ်၊ လဟယ်မြို့နယ်၊ နန်းယွန်းမြို့နယ်များ ပါဝင်ပါတယ်။ ကျွန်တော်တင်ပြခဲ့တဲ့ ခန္တီးမြို့နယ်နဲ့ ဟုမ္မလင်းမြို့နယ်ဟာ စစ်ကိုင်းတိုင်းဒေသကြီးရဲ့ အနောက်မြောက်ဘက်မှာ တည်ရှိပြီး ချင်းတွင်းမြစ်ကမ်းဘေးမှာ တည်ရှိတဲ့မြို့ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ခန္တီးမြို့နယ်နဲ့ ဟုမ္မလင်းမြို့နယ်မှာ ဘောလုံးကွင်းရှိပြီး အားကစားရုံ တစ်ရုံစီရှိပါတယ်။ ဒါပေမယ့်လည်း ပိုင်ရှင်မရှိတဲ့ အဆောက်အဦ၊ လူမရှိတဲ့အိမ်ဟာ ကြာလာရင် ပျက်စီးမှုများရှိလာပါတယ်။ ဒါကြောင့်မို့လို့ ဌာနကနေပြီးတော့ SEA GAMES ပြီးတဲ့အချိန်မှာတော့ လိုအပ်တဲ့ရန်ပုံငွေတွက်ချက်ပြီး ပြင်ဆင် စရိတ်များ ချပေးသင့်တဲ့ မြို့နယ်များဖြစ်တယ်လို့ ယူဆမိပါတယ်။ ဒါလည်း သူ့ဌာနရဲ့ အကြီးအကဲ ရှိမှသာ လုပ်ရမယ့်အလုပ်ဖြစ်ပါတယ်။ ကျန်တဲ့ ခန္တီးခရိုင်အတွင်းမှာရှိတဲ့ မြို့နယ်များကတော့ လေရှီး၊ လဟယ်၊ နန်းယွန်းမြို့နယ်များဖြစ်ပြီး အဲဒီမြို့နယ်တွေဟာဆိုလို့ဖြစ်ရင် မြေပြင်အနေအထား အရ ဘောလုံးကွင်း မရှိပေမယ့်လည်း အားကစားရုံများရှိသင့်တဲ့ မြို့များဖြစ်တယ်လို့ ယူဆမိ ပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ခန္တီးမြို့နယ်နဲ့ ဟုမ္မလင်း မြို့နယ်ရဲ့ အားကစားနှင့် ကာယပညာဦးစီးဌာနများမှာ အရင်က မြို့နယ်အလိုက် အားကစားမှူးများ ခန့်ထားပေးနိုင်ခဲ့ပေမယ့်လည်း ခုချိန်မှာ ခန့်ထားပေးခြင်းမရှိဘဲနဲ့ လစ်လပ်မှုရှိခဲ့တာ နှစ်ပေါင်း (၂၀)နီးပါး ရှိခဲ့ပါပြီ။ ခန္တီးမြို့နယ် အားကစားမှူးများအစား တစ်ဆင့်နိမ့်ရာထူးဖြစ်တဲ့ နည်းစနစ်မှူး များကို ခန့်ထားပေးခဲ့ပါတယ်။ ဒါပေမယ့်လည်း အခုချိန်မှာ နည်းစနစ်မှူး လစ်လပ်တာဆိုလို့ရှိရင် လည်း ကြာမြင့်လှပြီ ဖြစ်ပါတယ်။ နည်းစနစ်မှူးများဟာ ဒေသခံ အားကစားထူးချွန်သူများကို ရွေးချယ်ခန့်ထားခြင်း ဖြစ်ပါတယ်။ ဒါကြောင့် နည်းစနစ်မှူးများဟာ မိမိဦးစီးဌာနရဲ့ လုပ်ငန်းတာဝန်

များကို ဦးစီးဌာနကိုယ်စား လုပ်ဆောင်မှု အားနည်းခြင်း၊ လုပ်ငန်းအတွေ့အကြုံ နည်းပါးခြင်းနှင့် လုပ်ငန်းကျွမ်းကျင်မှု မရှိခြင်းတို့ကြောင့် ဦးစီးဌာနရဲ့ ရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ အခက်အခဲများနှင့် တွေ့ကြုံရပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၏ ရည်ရွယ်ချက်များ၊ ရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက် ရာတွင်လည်းကောင်း၊ လူငယ်လူရွယ်များ အကျင့်စာရိတ္တကောင်းမွန်စေရေးအတွက်လည်းကောင်း၊ ရွက်ပုန်းသီး အားကစားသမားများ ပေါ်ထွက်လာရေးအတွက်လည်းကောင်း၊ ဒေသခံပြည်သူ များရဲ့ကိုယ်စား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါ မေးခွန်းများကို မေးမြန်း သွားမှာ ဖြစ်ပါတယ်။ (က) လစ်လပ်လျက်ရှိသော မြို့နယ်အားကစားမှူး ရာထူးနေရာအား ပြန်လည် ခန့်ပေးရန် အစီအစဉ် ရှိ/မရှိ၊ (ခ) ဘောလုံးကွင်းနှင့် အားကစားရုံများ ပြန်လည်ပြုပြင်ရန် SEA GAMES ပြီးနောက်ပိုင်း လိုအပ်သည့် ကွင်း/ရုံ ပြင်ဆင်စရိတ်များ တွက်ချက်ချထားပေးရန် အစီအစဉ် ရှိ/မရှိ၊ (ဂ) နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသများဖြစ်သည့် လေရှီး၊ လဟယ်၊ နန်းယွန်း မြို့နယ်များတို့တွင် အားကစားရုံများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ကို ဥက္ကဋ္ဌကြီး မှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၃၉။**

**ဦးသောင်းထိုက် (ဒုတိယဝန်ကြီး၊ အားကစားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းဖြင့် ပြည့်ဝကြပါစေကြောင်း လေးစားစွာဖြင့် နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေးမှာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ချစ်လွင် ၏ ခန္တီးမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်များမှာ အားကစားမှူး

တစ်ဦးစီ ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် ပတ်သက်ပြီးတော့ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနအနေဖြင့် နည်းပြအရာရှိနှင့် ဦးစီးအရာရှိ မြို့နယ်လစာနှုန်းထား (၁၀၀၀၀၀-၂၀၀၀-၁၁၀၀၀၀) ရာထူး(၂၅)နေရာ ရွေးချယ်ခန့်ထားပေးရေးအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါ အရာရှိများကို လစ်လပ်မြို့နယ်များမှာ ဦးစားပေး အစီအစဉ်နဲ့ စိစစ်ခန့်အပ် တာဝန်ပေးအပ်ခြင်းများ ဆောင်ရွက်နိုင်ရေးကို စီစဉ်ထားရှိပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်၍ ခန္တီး၊ ဟုမ္မလင်းမြို့များမှာရှိတဲ့ အားကစားရုံများနှင့် ပတ်သက်၍လည်း ကျွန်တော်တို့ ပြည်နယ်/တိုင်း အသီးသီးမှာရှိတဲ့ ဘောလုံးအားကစားကွင်းနှင့် အားကစားရုံများ ပြန်လည်ပြုပြင်ပေးနိုင်ရေးနဲ့ ပတ်သက်ပြီးတော့ အားကစားလှုပ်ရှားဆောင်ရွက်နိုင်မှု၊ မျိုးဆက်သစ် အားကစားသမားများ ရှာဖွေပေးနိုင်မှုအပေါ်မှာ မူတည်ပြီး ဦးစားပေးမြို့နယ်များ သတ်မှတ်ပြီးတော့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အပြီးမှာ ဘဏ္ဍာငွေလျာထားတောင်းခံမှုများ တောင်းခံပြီးတော့ ဆက်လက်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသမှာရှိတဲ့ လေရှီး၊ လဟယ်နဲ့နန်းယွမ်းမြို့နယ်များမှာ အားကစားရုံများ ဆောက်လုပ်ပေးရန်ကိစ္စကိုလည်း အားကစားရုံမရှိသေးတဲ့ အခြားမြို့နယ်များ နည်းတူ အထက်တင်ပြပါ သတ်မှတ်ချက်များနဲ့ စိစစ်ပြီးဦးစားပေးမြို့နယ်များအလိုက် သတ်မှတ်ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

## လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က)အရ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားရန် အဆိုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၂။**

**ဦးဝင်းမြင့် (ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျာ။ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ကိုယ်စား ကျွန်တော် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဝင်းမြင့် က ၁၉၇၂ ခုနှစ် သန်းခေါင်စာရင်းဥပဒေကို ပြင်ဆင်သည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေကြမ်းအား ဆွေးနွေး စဉ်းစားရန်အတွက် အမျိုးသားလွှတ်တော်သို့ အဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင် ပါတယ်။

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၄၃။**

**ဦးဌေးရယ်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တင်သွင်းတဲ့ လူဦးရေနဲ့ အိမ်အကြောင်း အရာ သန်းခေါင်စာရင်း ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ကျွန်တော် ဦးဌေးရယ် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် က ထောက်ခံအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီးက ယနေ့ ဖတ်ကြားတင်သွင်းခြင်းမပြုဘဲ ဥပဒေကြမ်းကို ဆွေးနွေးမယ့်နေ့မှ အသေးစိတ် ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန် အမျိုးသားလွှတ်တော်၏ သဘောတူညီချက် ရယူခြင်း

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် က ဆွေးနွေး စဉ်းစားရန် သင့်/မသင့် လွှတ်တော်ရဲ့ သဘောထားရယူမှာ ဖြစ်ပါတယ်။

လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ် ရေးထိုးပြီး ၂၅-၁-၂၀၁၃ (သောကြာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

တင်သွင်းထားတဲ့ ဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို ဖတ်ကြားတင်သွင်းရန်နှင့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးရန်နေ့ရက်ကို သီးခြားသတ်မှတ်ပေးမှာ ဖြစ်ပါတယ်။

**ဦးပေါလ်ထန်ထိုင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ ဝေးလံခေါင်းပါး၍ လူမှုရေး ခက်ခဲသောဒေသရှိ ပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေးအား ဖွံ့ဖြိုးမှုရှိသော ဒေသများထက် လျှော့ပေါ့၍ အထူးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသား လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်း တင်သွင်း ထားတဲ့ ဝေးလံခေါင်းပါး၍ လူမှုရေးခက်ခဲသောဒေသရှိ ပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေး အား ဖွံ့ဖြိုးမှုရှိသော ဒေသများထက် လျှော့ပေါ့၍ အထူးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆက်လက်ဆွေးနွေးမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၆။**

**ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြသော ဧည့်သည်တော်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေကြောင်း ဆုတောင်းရင်း ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကျွန်တော် ဦးအုန်းတင် က ရိုသေဂါရဝပြုအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီနေ့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပေါလ်ထန်ထိုင်း တင်သွင်းထားတဲ့ ဝေးလံခေါင်းပါး၍ လူမှုရေးခက်ခဲသော ဒေသများရှိ ပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေးအား ဖွံ့ဖြိုးမှုရှိသောဒေသများထက် လျှော့ပေါ့၍ အထူးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟာ ဖွံ့ဖြိုးမှုနောက်ကျနေသော နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ ကုန်ထုတ်လုပ်မှုစွမ်းအားစုများကို ကာယလုပ်စွမ်းအားကို အဓိကထား၍ ထုတ်လုပ်နေရသော နိုင်ငံဖြစ်ပါတယ်။ ဝေးလံခေါင်းပါးသော ဒေသများနှင့် မြို့ပြဒေသများရှိ လူနေမှုအဆင့်အတန်း ကွာဟမှုမြင့်မားသော နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ကျေးလက်ဒေသ အထူးသဖြင့် ဝေးလံခေါင်းပါးသောဒေသများနဲ့ မြို့ပြများရဲ့ ဆင်းရဲချမ်းသာကွာဟမှု မြင့်မား နေသော နိုင်ငံလည်း ဖြစ်ပါတယ်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ဆောင်ရွက်မယ်ဆိုရင် တိုင်းပြည်ရဲ့ လူသားအရင်းအမြစ်ကို ဖွံ့ဖြိုးတိုးတက်အောင် ရှေးဦးစွာလုပ်ဆောင်ကြရပါမယ်။ ကျန်းမာကြံ့ခိုင်တဲ့ လူသားအရင်းအမြစ်တွေ ဖြစ်လာအောင် ကြိုးပမ်းလုပ်ဆောင်ကြရပါမယ်။ ကုန်ထုတ်လုပ်မှု အများစုကို ကာယလုပ်စွမ်းအားကို အဓိကထား၍ လုပ်ဆောင်နေရာမှ စက်မှု ကုန်ထုတ်လုပ်မှုကို

ပြောင်းလဲနိုင်အောင် ကြိုးပမ်းလုပ်ဆောင်ကြရပါမယ်။ လူအများစုနေထိုင်ရာ ကျေးလက်ဒေသနှင့် မြို့ပြဒေသ ဆင်းရဲ၊ ချမ်းသာ ကွာဟမှု လျော့နည်းနိုင်သလောက် လျော့နည်းအောင် လုပ်ဆောင်ကြရပါမယ်။ လူနေမှုအဆင့်အတန်း ကွာဟမှု မြင့်မားနေခြင်းကို လျော့နည်းနိုင်သလောက် လျော့နည်းအောင် လုပ်ဆောင်ကြရပါမယ်။

အထူးသဖြင့် ဝေးလံခေါင်းပါးသောဒေသရှိ ပြည်သူများရဲ့ ပညာရေး၊ ကျန်းမာရေးနဲ့ လူနေမှုအဆင့်အတန်း မြင့်မားလာအောင် ပြည်ထောင်စုအစိုးရအနေနဲ့ အားသွန်ခွန်စိုက် ကြိုးပမ်း လုပ်ဆောင်ပေးရမယ် ဖြစ်ပါတယ်။ ဝေးလံခေါင်းပါးသောဒေသများနှင့် မြို့ပြဒေသများ ကွာဟမှု လျော့နည်းနိုင်သလောက် လျော့နည်းအောင် လုပ်ဆောင်ကြရပါမယ်။

ပြည်နယ်များနဲ့ တိုင်းဒေသကြီးများ အချိုးညီညီ ဖွံ့ဖြိုးတိုးတက်ရေး။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟာ အခြေခံအားဖြင့် ပြည်နယ်(၇)ခု၊ တိုင်းဒေသကြီး(၇)ခုတို့ဖြင့် ဖွဲ့စည်းထားတဲ့ နိုင်ငံဖြစ်ပါတယ်။ ပထဝီအနေအထားအရ ပြည်နယ်(၇)ခုဟာ အပြင်ဖက်က ဝန်းရံထားတဲ့ နယ်စွန်နယ်ဖျားဒေသများ ဖြစ်ပါတယ်။ ဒီဒေသတွေဟာ တော၊ တောင်၊ လျှိုမြောင်တွေ ထူထပ်ပေါများပြီး လမ်းပန်းဆက်သွယ်ရေး ခက်ခဲကြပါတယ်။ လမ်းပန်းဆက်သွယ်မှု ခက်ခဲတဲ့အတွက် ပြည်နယ်တစ်ခုမှ တစ်ခုသို့လည်းကောင်း၊ ပြည်နယ်တစ်ခုမှ အခြား တိုင်းဒေသကြီးတစ်ခုသို့လည်းကောင်း ကူးသန်းသွားလာရေး၊ ကုန်စည်စီးဆင်းရေးတို့မှာ အလွန်ခက်ခဲကြပါတယ်။ ဒီလို ကူးသန်း သွားလာရေး ခက်ခဲမှု၊ ကုန်စည်စီးဆင်းမှု နှေးကွေးမှုတို့ကြောင့် ဒေသဖွံ့ဖြိုးမှုတို့ဟာလည်း နှေးကွေးနောက်ကျနေရတာ ဖြစ်ပါတယ်။ ဒေသတစ်ခုရဲ့ ဖွံ့ဖြိုးမှုနှေးကွေးနောက်ကျနေမှုဟာ တစ်နိုင်ငံလုံး ဖွံ့ဖြိုးမှု၊ တိုးတက်စေမှုကို အဟန့်အတားဖြစ်စေပါတယ်။

ဒါအတွက်ကြောင့် တစ်မျိုးသားလုံး ပညာရည်မြင့်မားပြီး ကျန်းမာကြံ့ခိုင်တဲ့ လူသားအရင်းအမြစ်တွေ ဖြစ်ပေါ်လာဖို့နဲ့ ပြည်နယ်နဲ့ တိုင်းဒေသကြီးများ အချိုးညီ ဖွံ့ဖြိုးတိုးတက်ရေးမှတစ်ဆင့် တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်မှုမြင့်မားရေးအတွက် ဝေးလံခေါင်းပါးတဲ့ ဒေသတွေမှာ လမ်းပန်းဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ ပညာရေးနဲ့ ကျန်းမာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင် ပြည်ထောင်စုအစိုးရအနေနဲ့ အထူးဦးစားပေး စီမံကိန်းများ ရေးဆွဲချမှတ်ပြီး လုပ်ဆောင်ပေးသင့်ပါကြောင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အကြံပြုတိုက်တွန်းအပ်ပါတယ်။

တိုင်းရင်းသားများ သွေးစည်းချစ်ကြည်ရေး။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟာ လူမျိုးစုပေါင်းများစွာ ပူးပေါင်းနေထိုင်ကြတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ အစိုးရက ထုတ်ပြန်တဲ့ ကိန်းဂဏန်းများအရ လူမျိုးစုပေါင်း (၁၃၅)မျိုး စုပေါင်းနေထိုင်လျက်ရှိကြောင်း သိရပါတယ်။ ဒီလို တစ်မြေတည်းနေ တစ်ရေတည်းသောက် နေထိုင်လာကြတဲ့ တိုင်းရင်းသားလူမျိုးစုတွေဟာ တစ်မျိုးနဲ့တစ်မျိုး၊ တစ်ဦးနဲ့ တစ်ဦး စည်းလုံးချစ်ကြည်စွာ ရှိနေကြဖို့ လိုအပ်ပါတယ်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခြေခံမူများ၊ ပုဒ်မ ၆ တွင် ဖော်ပြထားတဲ့ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့အချက် (၃)ချက်ကို ယနေ့ ပြည်ထောင်စုအစိုးရအနေနဲ့ တို့တာဝန်အရေးသုံးပါးအဖြစ် အလေးထား လက်ခံ ကျင့်သုံးလျက်ရှိနေပါတယ်။ ဒီအချက်(၃)ချက်ထဲမှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဟာ အရေးကြီးလှပါတယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲဖို့အတွက် တိုင်းရင်းသားများ စည်းလုံးချစ်ကြည်နေဖို့ လိုအပ်ပါတယ်။ တစ်ဦးနဲ့တစ်ဦး ရင်းနှီးချစ်ကြည်ပြီး သံသယတွေ မရှိကြဖို့ လိုအပ်ပါတယ်။

အထူးသဖြင့် ဝေးလံခေါင်သီတဲ့ဒေသတွေမှာ နေထိုင်ကြတဲ့ ပြည်သူတွေက အားလုံးဟာ အေးအတူ ပူအမျှ ရှိကြတယ်ဆိုတာကို နားလည်သိရှိခံစားတတ်ဖို့ လိုပါတယ်။ ဒီလိုသိရှိခံစား တတ်လာဖို့အတွက် ဝေးလံခေါင်ပါးတဲ့ ဒေသတွေမှာ နေထိုင်ကြတဲ့ပြည်သူများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများကို အထူးဦးစားပေးအနေနဲ့ ဆောင်ရွက်သင့်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်ထောင်စုအစိုးရအား အကြံပြုတိုက်တွန်းအပ် ပါတယ်ခင်ဗျား။

ဝေးလံခေါင်ပါးဒေသများ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ဝန်ကြီးရုံးက ၁၅-၃-၂၀၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၀၁/၂၀၁၂ အရ ဒေသစရိတ်ခံစားခွင့်ရှိတဲ့မြို့ (၈၇)မြို့နယ်ရဲ့ အမည်စာရင်းများကို ထုတ်ပြန်ခဲ့ပါတယ်။ ဒီမြို့နယ် (၈၇)မြို့နယ်ဟာ ဝေးလံ ခေါင်းပါးပြီး လူမှုရေးအခက်အခဲများနဲ့ ရင်ဆိုင်နေရတဲ့ ဒေသများဖြစ်တယ်လို့ ပြည်ထောင်စု အစိုးရက ယူဆသတ်မှတ်ထားတဲ့ မြို့နယ်များ ဖြစ်ကြပါတယ်။ ဒီမြို့နယ်တွေထဲမှာ ကျွန်တော့်ရဲ့

မဲဆန္ဒနယ်မြေတစ်ခုဖြစ်တဲ့ မာန်အောင်မြို့နယ်လည်း ပါဝင်ပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာလက ကျွန်တော် မာန်အောင်မြို့နယ်ကိုရောက်ခဲ့ပါတယ်။ မာန်အောင်မြို့နယ်ဟာ ရမ်းဗြဲကျွန်းအနောက်ဖက်မှာတည်ရှိတဲ့ သီးခြားကျွန်းတစ်ကျွန်း ဖြစ်ပါတယ်။ အခြား ရဲကျွန်းနဲ့ တိုက်ကျွန်းလို့ခေါ်တဲ့ ကျွန်း (၂)ကျွန်းလည်း မာန်အောင်မြို့နယ်ထဲမှာ ပါဝင်ပါတယ်။ မာန်အောင်မြို့ထဲမှာ မြို့ပေါ်ရပ်ကွက် (၅)ခု၊ ကျေးရွာအုပ်စု(၃၆)ခု ပါဝင်ပါတယ်။

မြို့နယ်လူထုရဲ့ အဓိကလုပ်ငန်းဟာ ရေလုပ်ငန်း၊ ဆန်စပါးစိုက်ပျိုးရေးလုပ်ငန်း၊ ဆေးရွက်ကြီး၊ အုန်းသီး၊ ကွမ်းသီး၊ ကြက်သွန်နဲ့ အခြားစိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ကြပါတယ်။ ကျွန်းအလွတ်ဖြစ်တဲ့အတွက် ရေကြောင်းလမ်းခရီးဟာ အဓိကအားထားနေရသော်လည်း အစိုးရက ပြေးဆွဲပေးသော ကမ်းရိုးတန်းသွား ပုံမှန်သင်္ဘောလိုင်း မရှိပါ။ တောင်ကုတ်မှ မာန်အောင်သို့ သီတင်းတစ်ပတ်လျှင် နှစ်ကြိမ်မျှ ပြေးဆွဲပေးပါတယ်။ မြို့နယ်သူ/မြို့နယ်သားများဟာ ပုဂ္ဂလိကမှ ပြေးဆွဲပေးနေတဲ့ သင်္ဘောများနဲ့သာ အဆမတန်ဈေးကြီးပေး၍ သွားလာနေရပါတယ်။ ယခင်က စစ်တွေ-ကျောက်ဖြူ တောင်ကုတ်-မာန်အောင် ကမ်းရိုးတန်း ခရီးစဉ်အဖြစ် ပြည်တွင်းရေးကြောင်းပို့ဆောင်ရေးလုပ်ငန်းမှ ပုံမှန်ပြေးဆွဲပေးခဲ့သော်လည်း ယခု မပြေးဆွဲတော့ပါ။ ယခင်က ဒါကိုတာ၊ တွင်အော်ဒါ လေယာဥ်ပျံ ပြေးဆွဲပေးခဲ့သော်လည်း ယခုထိ ပြန်လည်ပြေးဆွဲခြင်း မရှိတော့ပါ။ ရဲကျွန်းမှ ဆေးရွက်ကြီး၊ ကြက်သွန်နီ၊ အုန်းသီးနဲ့ ကွမ်းသီးများ ထွက်ရှိသော တိုက်နယ်ကျေးရွာအုပ်စုတစ်ခု ဖြစ်သော်လည်း ယနေ့အထိ အစိုးရပိုင် ရေကြောင်း သင်္ဘောများ ပြေးဆွဲပေးခြင်းမရှိသေးဘဲ ပုဂ္ဂလိကမှ ပြေးဆွဲနေသော မော်တော်ဘုတ်များကိုသာ အားထား၍ သွားလာနေကြရပါတယ်။

မာန်အောင်မြို့ပေါ်တွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဆောက်လုပ်ပေးသော (၅၃)မိုင်ရှည်လျားတဲ့ ကျွန်းပတ်လမ်း ရှိသော်လည်း ကျွန်းဖြတ်လမ်းများနှင့် မြောက်မြားစွာသော ကျေးရွာချင်းဆက်လမ်းများကို ကိုယ်ထူကိုယ်ထစနစ်နဲ့ ဖောက်လုပ်ကြပြီး ဖြစ်သလိုသွားလာနေကြရပါတယ်။ တိုက်နယ်အုပ်စု၊ ကျေးရွာအုပ်စုများတွင် လူဦးရေ၊ ကျောင်းသားဦးရေ အချိုးအစား အလိုက် လိုအပ်သော အစိုးရကျောင်းများ၊ ဆရာ/ဆရာမများ၊ ဆေးရုံ၊ ဆေးပေးခန်းများ ကျေးလက်ကျန်းမာရေးဌာနများ၊ ဆရာဝန်၊ သူနာပြုနဲ့ သားဖွားဆရာမများ လုံလုံလောက်လောက် မရှိကြတဲ့

အတွက် ကိုယ်ထူကိုယ်ထ ကျောင်းများ၊ ဆေးခန်းများ၊ အရပ်မှ ငှားရမ်းထားတဲ့ ကျောင်းဆရာ၊ ကျောင်းဆရာမများ၊ သားဖွားဆရာမများနဲ့သာ ဖြစ်သလို လုပ်ကိုင်နေကြရတာ တွေ့ရပါတယ်။

သို့ဖြစ်ပါ၍ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီး ဦးပေါလ်ထန်ထိုင်း အဆိုတင်သွင်းတဲ့ ဝေးလံခေါင်းပါး၍ လူမှုရေး ခက်ခဲသောဒေသများ၏ ပညာရေးနှင့် ကျန်းမာရေး ဖွံ့ဖြိုးမှုရှိသော ဒေသများထက် အထူးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၄။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီအဆိုကို ထောက်ခံဆွေးနွေးမှာ ဖြစ်ပါတယ်။ ဒီအဆိုဟာဆိုရင်ဖြင့် ကျွန်တော်တို့ အခြေခံဥပဒေနဲ့လည်း ညီညွတ်ပါတယ်။ မနေ့က လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ချိုဦး ကလည်း ကိုးကားပြီးဖြစ်ပါတယ်။ အခြေခံဥပဒေပုဒ်မ ၂၂ (ဂ)မှာ နိုင်ငံတော်သည် တိုးတက်ဖွံ့ဖြိုးမှု နည်းပါးသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ပါဝင်သော လူမှုရေးတိုးတက် ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်ရမည်လို့ ဖော်ပြထားပါတယ်။ ကျွန်တော်တို့ စီမံကိန်းတွေမှာလည်း ကြည့်မယ်ဆိုရင် ကျွန်တော်တို့ တိုင်းဒေသကြီးနဲ့ ပြည်နယ်များအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးဆိုတာ ပါပါတယ်။ ဒါပေမဲ့ ဘာဖြစ်လို့ ကျွန်တော်တို့ နယ်စပ်ဒေသတွေမှာ သို့မဟုတ် ဝေးလံခေါင်ပါးတဲ့ ဒေသတွေမှာ ဖွံ့ဖြိုးမှုနည်းပါးသလဲဆိုရင် သတ်မှတ်ချက်တွေထားတဲ့အချိန်မှာ တစ်ပြည်လုံးအတွက် တစ်သတ်မှတ်တည်း ထားပေးလို့ ဖြစ်တယ်လို့ ကျွန်တော် မြင်ပါတယ်။

ကျွန်တော် အရင်တုန်းက ဂျာမနီက အမျိုးသမီးတစ်ယောက်နဲ့ ဆွေးနွေးဖူးပါတယ်။ ခင်ဗျားတို့က ဘာဖြစ်လို့ တောင်ပေါ်ကနေ ဒီလောက်သဘာဝကျကျ လှပတဲ့နေရာတွေကနေ ရန်ကုန်တို့ ဘာတို့မှာ လာနေချင်တာလဲလို့ ကျွန်တော့်ကို မေးဖူးပါတယ်။ ကျွန်တော်တို့ ဆွေးနွေးတဲ့

အချိန်မှာ ကျွန်တော် တွေ့ရှိတာကတော့ နောက် ဘယ်လိုပြန်ဖြေသလဲဆိုရင် ခင်ဗျားတို့ နိုင်ငံ မှာ တော့ ဒီတောင်ပေါ်ဒေသတွေနဲ့ ဒီနယ်စပ်တွေမှာရှိတဲ့ Accessibility နဲ့ Facility တွေဟာ မြေပြန့်မြို့ကြီးတွေမှာရှိတဲ့ Accessibility နဲ့ Facility တွေနဲ့ အတူတူပါပဲ။ ကျွန်တော်တို့ အနေနဲ့ ကတော့ ဒီဒေသတွေမှာ နေမယ်ဆိုရင် ဝေးလံခေါင်းပါးတဲ့ တိုးတက်ဖွံ့ဖြိုးဖို့ရန်အတွက် လမ်းကြောင်း မရှိလို့ ဒီပြည်မဒေသတွေမှာ လာနေတာဖြစ်ပါတယ်လို့ ကျွန်တော် ရှင်းပြပါတယ်။

အမှန်ဆိုရင် ဒီနေရာတွေမှာ ဒီ ပြည်မမြို့ကြီးတွေမှာရှိတဲ့ Facility တွေ၊ Accessibility တွေ ရှိမယ်ဆိုရင် သူပြောသလိုပဲ ဒီတောင်ပေါ်ဒေသတွေ၊ ကျေးလက်ဒေသတွေဟာ တကယ် ပျော်စရာကောင်းတဲ့ နေရာတွေဖြစ်ပါတယ်။ ဆက်သွယ်ရေးကွန်ရက်၊ သူတို့ အနေနဲ့ကတော့ နေရာတိုင်းမှာ ဒီ Internet တွေ၊ E-mail တွေ၊ Telephone တွေ မြို့ကြီးတွေမှာ ရသလို အကုန်လုံး ဆက်သွယ်ရေးကွန်ရက် ရတယ်။ လမ်းပန်းဆက်သွယ်ရေးမှာလည်း ကိုယ်သွားချင်တဲ့အချိန် ကြိုက်သလို မော်တော်ကားနဲ့ ကတ္တရာလမ်းနဲ့ အပြည့်အစုံ၊ ပြီးတော့ ပညာရေး၊ ကျန်းမာရေး စောင့်ရှောက်မှုမှာရော အကုန်လုံးပေါ့။ ဒီဒေသတွေဟာ သူတို့နိုင်ငံအတွင်းမှာ ဖွံ့ဖြိုးမှုက ကွာဟမှု သိပ်မရှိဘူး။ ဆက်သွယ်ရေးကျတော့ ကျွန်တော်တို့ နိုင်ငံမှာလည်း ချင့်ချိန်ဖို့လိုတာကတော့ နယ်မြေ ဒေသတစ်ခုနဲ့တစ်ခု ဖွံ့ဖြိုးတိုးတက်မှု အရမ်းကွာဟနေတယ်ဆိုရင် ကျွန်တော်တို့နိုင်ငံရဲ့ စီမံခန့်ခွဲမှုဟာ တော်တော်လေး လိုပါသေးတယ်လို့ ကျွန်တော်တို့ ပြပါတယ်။ ကျွန်တော်တို့ ဖွံ့ဖြိုးမှု၊ ဆင်းရဲနွမ်းပါးမှုနှုန်း ကြည့်မယ်ဆိုရင်လည်း တစ်ပြည်လုံးမှာ (၂၆)ရာခိုင်နှုန်းရှိနေတဲ့အချိန်မှာ ချင်းပြည်နယ်မှာတော့ (၇၃.၃)ရာခိုင်နှုန်း ရှိနေပါတယ်။ ဆိုတော့ အင်မတန်မှ ကွာခြားလွန်းပါတယ်။ ဒါကတော့ စီမံခန့်ခွဲမှုမှာ ဦးစားပေးသင့်၊ တကယ့်ကို ဦးစားပေးသင့်ပါတယ် ဆိုတာကို ဒါက ကျွန်တော်တို့ ပြပါတယ်။

ကျွန်တော်တို့ ပညာရေးမှာ အခု ကျောင်းဆောက်ဖို့၊ ဘာတို့ တောင်းမယ်ဆိုရင်လည်း ဘတ်ဂျက် ချပေးတယ်။ မလောက်မငှ ချပေးတယ်။ ကျွန်တော်တို့ ခင်ဗျားတို့ ပြည်သူလူထုတွေက ကိုယ်ထူကိုယ်ထ ဒီလောက်တော့ လုပ်။ မလောက်ဘူးဆိုတာ သိပေမယ့် ဒီလောက် မလောက်တာကို ချပေးတယ်။ ကျွန်တော်တို့ ပြည်သူလူထုတွေအတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်ပါတယ်။

ကျန်းမာရေးမှာလည်း ကျွန်တော်တို့ ကျန်းမာရေးဌာနတွေမှာ အခု တောင်းထားတာ၊ ပြည်သူ့လွှတ်တော်ဘက်ကနေပြီးတော့ တောင်းထားတာ ရှိတယ်။ ချတော့ ချပေးပါတယ်။ ဒါပေမဲ့ အဆောက်အဦတွေကျတော့ ခင်ဗျားတို့ တာဝန်ယူရမယ်ဆိုတဲ့ အပိုင်းတွေ ဖြစ်လာတယ်။ ကျွန်တော်တို့ ပြည်သူလူထုအတွက် တကယ့်ကို ဝန်ထုပ်ဝန်ပိုးတွေ ဖြစ်လာပါတယ်။ ပြီးတော့ အဆောက်အဦတွေ ဆောက်လို့ရှိရင်လည်း ဦးစားပေး အစီအစဥ်အတိုင်း ဖြစ်လာတဲ့ အချိန်ကျတော့ ကျွန်တော်တို့က ရဖို့ရာအတွက် ဒီ တစ်ပြည်လုံး တစ်သတ်မှတ်တည်း လုပ်လာတဲ့ အချိန်ကျတော့ ရဖို့ရန်အတွက် အလားအလာက မရှိလာဘူး ဖြစ်နေတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူဦးရေကို အခြေခံပြီးတော့ အမြဲတမ်းကြည့်တယ်။ ကျွန်တော်တို့ဖလမ်းမှာ ဒီအလယ်တန်းကျောင်း(ခွဲ)တစ်ခု လျှောက်ဖို့ လွှတ်တော်မှာ တောင်းတဲ့အချိန်မှာ ပညာရေးဝန်ကြီးဌာနက လာဖြေတဲ့အချိန်မှာ လူဦးရေနည်းပါးမှုကို ပြပြီးတော့ ဒါ လောလောဆယ်မှာ မလုပ်နိုင်သေးဘူးဆိုတဲ့ ပုံစံနဲ့ လာဖြေသွားတယ်။ ဒီ ကျွန်တော်တို့ ဖြေလျှော့မှု သတ်မှတ်ချက်တွေ ဖြေလျှော့မှုမလုပ်ဘဲနဲ့ ဒီလိုမျိုးလုပ်မယ်ဆိုရင် ကျွန်တော်တို့က ဒီမြေဒေသမှာ ကျောင်းကောင်းကောင်းလည်းဖြစ်ဖို့ဆိုတာက အလားအလာ မရှိတော့ပါဘူး။ သူတို့အနေအထားနဲ့ သူတို့တော့ ကျောင်းသားဦးရေလည်း အဲဒီဒေသတွေမှာ ပြည်မနဲ့ မတိုင်းတာဘူးဆိုရင်တော့ များတော့များပါတယ်။ အဲဒီလိုမျိုး အနေအထားတွေ ရှိပါတယ်။

ပြီးတော့ ကျွန်တော်တို့သတ်မှတ်ချက်တွေ ကြည့်တဲ့အချိန်မှာလည်း လူဦးရေပဲ အမြဲတမ်း အခြေခံပေးတယ်။ ကျွန်တော်တို့ နယ်မြေဒေသ အကျယ်အဝန်းလည်း သတ်မှတ်ချက်တစ်ခုမှာ ထားပေးဖို့ပေါ့နော်။ အကြံလည်း ပြုလိုပါတယ်။ ကျွန်တော်တို့ ကျန်းမာရေးစောင့်ရှောက်မှုမှာ ဘယ်လောက်တောင်မှ ခက်ခဲသလဲဆိုရင် ကျွန်တော်တို့ နယ်မြေဒေသကို အကျယ်အဝန်းကို အခြေခံ မထားပေးတဲ့အတွက် ဆေးရုံရောက်ဖို့အတွက် တချို့ရွာတွေကနေဆိုရင် မိုင်(၄၀)၊ (၅၀) လျှောက်ရပါတယ်။ မိုင်(၃၀) လမ်းလျှောက်ရတယ်။ အဲဒီလိုမျိုး ဆိုတဲ့အချိန်ကျတော့ ကျွန်တော်တို့ လူဦးရေနည်းသော်လည်းပဲ ဒီလောက်နယ်မြေ ဒီလောက်ကျယ်ဝန်းအချိန်ကျတော့ ဒီနေရာမှာလည်း ကျန်းမာရေး စောင့်ရှောက်မှုနေရာတစ်ခု၊ ကျောင်းကလည်း ဒီလောက်အကျယ်အဝန်း ရှိတဲ့အတွက်ကြောင့် ကျောင်းသားတွေ၊ ကလေးလေးတွေ၊ ဒီအလယ်တန်းအဆင့် ကလေးလေးတွေ ရပ်ဝေးမှာ၊ အရမ်းဝေးတဲ့နေရာမှာ အဆောင်တွေ သွားငှားပြီးတော့ ကျောင်းသွားတက်ဖို့ဆိုတာ ကလည်း တော်တော်လည်း ခက်ခဲပါတယ်။ အဲဒါကြောင့် သတ်မှတ်ချက်တွေကို ကျွန်တော်တို့

ဖြေလျှော့ပေးပြီးတော့ နယ်မြေအကျယ်အဝန်းတွေကိုလည်း ဖြေလျှော့ပေးပြီးတော့ ကျွန်တော်တို့ စဉ်းစားပေးဖို့ရန် လိုပါတယ်လို့ ကျွန်တော် တင်ပြလိုပါတယ်။

ကျွန်တော်တို့ အခု ဖလမ်းဆေးရုံမှာ ဆိုပါတော့။ လူနာမရှိဘူး၊ လူနာမရှိဘူးဆိုတာမျိုးလည်း တောင်းတဲ့အချိန်မှာ ပြန်ဖြေတာတွေ တွေ့ပါတယ်။ အမှန်ဆိုတော့ ဘာဖြစ်လို့လဲဆိုတော့ ဆေးရုံက ဆရာဝန် မလာတဲ့အချိန်ကျတော့ လူနာမရှိဘူး။ အရင်တုန်းက ဆရာဝန်ကောင်းကောင်း အရိုးပါရဂူ တစ်ယောက်၊ သူ့ရဲ့ပစ္စည်းတွေနဲ့၊ သူ့ရဲ့ ကိရိယာတွေနဲ့ ဖလမ်းမှာလာတဲ့အချိန်ကျတော့ တစ်ချိန်လုံး ဆေးရုံမှာ လူနာပြည့်နေတယ်။ ဒီ အရိုးအဆောင်မှာ ခုတင်တောင်မှ မရှိတဲ့အတွက်ကြောင့် ကြမ်းပြင်မှာ အိပ်ရတဲ့အဆင့်မှာ ရှိပါတယ်။ သူ့အနီးအနားကမြို့ကနေလည်း လာပြီးတော့ လာကုကြပါတယ်။ ဒီလို အနေအထား ဖြစ်ပါတယ်။ ဒါ ဆရာဝန်ကောင်းကောင်း ရောက်လာရင်တော့ တစ်ချိန်လုံး ဆေးရုံမှာတော့ လူနာပြည့်နေမှာပဲ။ ဆိုတဲ့အချိန်ကျတော့ လူနာ မရှိဘူးဆိုတဲ့ အကြောင်းပြချက်တွေကလည်း မှန်ကန်တဲ့အကြောင်းပြချက်တွေ မဟုတ်ဘူးလို့ ကျွန်တော်မြင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကြည့်မယ်ဆိုရင် ကျွန်တော်တို့နိုင်ငံကတောင်မှ ဆေးရုံကောင်းတယ်ဆိုရင် တစ်ခြားနိုင်ငံ၊ ထိုင်းနိုင်ငံကို သွားနေတာပဲ။ ဒါ ဘာဖြစ်လို့ ကျွန်တော်တို့ ဒီလို သွားသလဲဆိုရင် အဲဒီနေရာမှာ ဆေးရုံကောင်းလို့ပါ။ ကျွန်တော်တို့ ဖလမ်းမှာ ဆေးရုံထားပေးတယ်။ ဘာဖြစ်လို့ လူနာတွေ မလာတာလဲဆိုရင် ဆရာဝန်တွေ ကောင်းကောင်းလည်း၊ ရှိသင့်ရှိထိုက်တဲ့ ဆရာဝန်တွေကောင်းကောင်း မရှိလို့ဆိုတာလည်း ပြီးတော့ ကိရိယာတွေကောင်းကောင်း မပြည့်စုံလို့ဆိုတာမျိုးလည်း ပြပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ ဒီဒေသတွေအတွက် စဉ်းစားပေးတဲ့အချိန်မှာ၊ သတ်မှတ်ချက်တွေ ထားခဲ့တဲ့အချိန်မှာ တစ်ခြားဒေသတွေသတ်မှတ်ချက်အတိုင်း မဟုတ်ဘဲနဲ့ ဖြေလျှော့မှု အများကြီးလိုပါတယ်။ အဲဒီလိုလုပ်မှ ကျွန်တော်တို့တခြားဒေသတွေရဲ့ ဖွံ့ဖြိုးရေးနဲ့တိုးတက်ရေးမှာ တစ်ပြေးညီဖြစ်လာမယ်လို့ ကျွန်တော် တိုက်တွန်းလိုပါတယ်။

အလားတူပါပဲ လမ်းပန်းဆက်သွယ်ရေး၊ လမ်းပန်းဆက်သွယ်ရေးမှာလည်း အလျှဉ်းသင့်လို့ တင်ပြခွင့်ပြုပါ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနကနေ သူတို့ရဲ့သတ်မှတ်ချက်လေးတွေ လာပြောတဲ့အချိန်မှာလည်း လူဦးရေတို့ကို အခြေခံတဲ့ အတွက်ကြောင့်

ကျွန်တော်တို့ နေရာတွေမှာ လမ်းဖောက်ဖို့က အခြေအနေသိပ်မပေးပါဘူး။ အဲဒါကြောင့် ဒီနယ်မြေ အကျယ်အဝန်းလေးတွေကိုလည်း သတ်မှတ်ချက်တွေမှာလည်း ထားပေးပြီးတော့ ဒီလူဦးရေ သတ်မှတ်ချက်လေးတွေကိုလည်း ဖြေလျှော့ဖို့ လုပ်ပေးပြီးတော့ လမ်းတွေလည်း အများကြီး ဖောက်လုပ်ပေးရန် တိုက်တွန်းလိုပါတယ်။ ကျွန်တော်တို့ ဒီအဆိုဟာဆိုရင် အခြေခံဥပဒေနဲ့လည်း ကိုက်ညီတယ်။ ကျွန်တော်တို့ လက်ရှိနိုင်ငံ အခြေအနေနဲ့လည်း တော်တော်လေးကို ကိုက်ညီတဲ့ အတွက်ကြောင့် အင်မတန်သင့်မြတ်ပါတယ်လို့ ပြောကြားရင်း ဒီအဆိုကို ထောက်ခံပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၁၉။**

**ဦးအောင်ကြည်ညွန့် မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ် ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ကြွရောက်လာကြတဲ့ ဒုတိယဝန်ကြီးများ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မကွေး တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့် ဖြစ်ပါတယ်။ ကျွန်တော် ဆဋ္ဌမအကြိမ် ပုံမှန်အစည်းအဝေးရဲ့ ဒုတိယနေ့မှာ အဆို တင်သွင်းခဲ့တဲ့ ကျွန်တော်တို့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)က ဦးပေါလ်ထန်ထိုင်း ရဲ့ ဝေးလံခေါင်းပါး ပြီးတော့ လူမှုရေးခက်ခဲတဲ့ ဒေသတွေမှာရှိတဲ့ ပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေးအား ဖွံ့ဖြိုးမှု တိုးတက်ဖို့ဆိုတဲ့ အဆိုအပေါ်မှာ ကျွန်တော်ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ကျွန်တော် ထောက်ခံဆွေးနွေးတဲ့နေရာမှာ အဆိုရှင်ရဲ့ ပညာရေးကိုရော၊ ကျန်းမာရေး ကိုရော ဒါ မြှင့်တင်ဖို့လိုတယ်ဆိုတာ နှစ်ခုစလုံးပေါ်မှာ ကျွန်တော် ထောက်ခံမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ရှေ့မှာလည်းပဲ ဆွေးနွေးခဲ့တဲ့ ကိုယ်စားလှယ်တော်ကြီးတွေ အများကြီးပဲ ရှိခဲ့ပြီးသား ဖြစ်တဲ့အတွက်ကြောင့် ကျန်းမာရေးကိစ္စကို ချန်လှပ်ထားပြီးတော့ ပညာရေးကိစ္စတစ်ခုတည်း ပေါ်မှာပဲ အခြေခံပြီးတော့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဲဒီလို အခြေခံပြီး ဆွေးနွေးတဲ့အခါမှာ ကျွန်တော့်အနေအထားနဲ့ကတော့ ပြီးခဲ့တဲ့ ပညာရေးဝန်ကြီးဌာနရဲ့ တတိယနှစ်တိုစီမံကိန်း

ပထမနှစ်ဖြစ်တဲ့ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်နဲ့ စီမံကိန်းရဲ့ ဒုတိယနှစ်ဖြစ်တဲ့ ၂၀၁၂-၂၀၁၃ အတွက် ဆောင်ရွက်ခဲ့တဲ့ကိစ္စတွေနဲ့ ဆောင်ရွက်ပြီးတဲ့ ကိစ္စတွေကို ရှင်းလင်းတင်ပြတဲ့ ကိန်းဂဏန်းတွေ အပေါ်မှာ မူတည်ပြီးတော့ ကျွန်တော် ထောက်ခံဆွေးနွေးသွားဖို့ ဖြစ်ပါတယ်။ အဲဒီလို ထောက်ခံ ဆွေးနွေးတဲ့ အကြောင်းကတော့ မှန်မှန်ကန်ကန် စနစ်တကျကောက်ထားတဲ့ စာရင်းဇယားများ ဟာ ဘက်လိုက်မှုကင်းတဲ့ သက်သေခံတွေပဲ ဖြစ်ပါတယ်။ စာရင်းဇယားတွေပေါ်မှာ မူတည်ပြီးတော့ တင်ပြသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ပညာရေးနဲ့ ပတ်သက်ပြီးတော့ အခြေခံပညာကဏ္ဍမှာ ထက်၊ လယ်၊ မူ ဆိုပြီးတော့ အထက်တန်း၊ အလယ်တန်း၊ မူလတန်းလို့ (၃)ခုရှိရုံတင်မကဘဲနဲ့ လောလောဆယ် ကျင့်သုံးနေတဲ့ အနေအထားအရဆိုရင် ကျွန်တော်တို့ မူလတန်းမတိုင်ခင်မှာ တွဲဖက်ကျောင်းတွေ၊ ကျောင်း(ခွဲ)တွေနဲ့ ပြီးတော့မှ ကျွန်တော်တို့ အစိုးရကျောင်းတွေ ပေါ်ပေါက်လာတာ ဖြစ်ပါတယ်။ တွဲဖက်ကျောင်းတွေမှာက ကျွန်တော်တို့ ဒီကျောင်းအဆောက်အဦနှင့်တကွ စာသင်တဲ့ ဆရာ/ ဆရာမတွေကိုပါ ကျောင်းသားမိဘတွေက ကိုယ်တိုင်ငှားပြီးတော့ ကိုယ်ထူကိုယ်ထလုပ်ရတဲ့ ကျောင်းက တွဲဖက်ကျောင်း ဖြစ်ပါတယ်၊

ဒါပေမယ်လို့ နီးစပ်တဲ့ ကျောင်းအုပ်ကြီးတွေက ကြီးကြပ်ပေးတဲ့သဘောပဲ ရှိပါတယ်။ တွဲဖက်ကျောင်းက အစိုးရရဲ့အထောက်အပံ့ တိုက်ရိုက် အင်မတန် မရပါဘူး။ မူလတန်းကျောင်း (ခွဲ)၊ အလယ်တန်းကျောင်း(ခွဲ)ဆိုပြီး ကျောင်း(ခွဲ)ဖြစ်လာမယ်ဆိုရင်တော့ ကျွန်တော်တို့ အစိုးရက တချို့ လက်ထောက်ကျောင်းဆရာတချို့ ထည့်ပေးပြီးတော့၊ အရပ်ငှားဆရာတွေနဲ့ တွဲဖက်ပြီးတော့ သင်ရတဲ့အဆင့် ဖြစ်ပါတယ်။ တစ်ဆင့်နည်းနည်းမြင့်ပါတယ်။ အစိုးရ မူလတန်းကျောင်း၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်း ဖြစ်သွားမယ်ဆိုရင်တော့ အစိုးရက လုံးဝတာဝန်ယူ ပါတယ်။ ဒါကြောင့် တွဲဖက်ကျောင်းများဟာ ကျွန်တော်တို့ ကျောင်းသားမိဘများကိုယ်တိုင်က ကိုယ်ထူကိုယ်ထ လုပ်ရတဲ့ကျောင်းတွေပဲ ဖြစ်ပါတယ်။ အဲဒီတော့ ဒီလိုကျောင်းတွေရဲ့ အနေအထား မျိုးမှာ ကျောင်းတွေရဲ့ အဆင့်တွေကို မြှင့်တင်ပေးလိုက်တဲ့အတွက် ဘယ်လောက်အကျိုးကျေးဇူး ရှိသလဲဆိုတာ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနက အသိအမှတ်ပြုပြီးတော့ ထုတ်ပြန်ကြေညာ ထားတာ ရှိပါတယ်။

အဲဒါကတော့ အစီရင်ခံစာမှာ ၂၀၀၁-၂၀၀၂ ပညာသင်နှစ်ကနေစပြီးတော့ ကျွန်တော်တို့ မူလတန်းလွန် ကျောင်းကလေးတွေ တိုးချဲ့ဖွင့်လှစ်ပေးနိုင်တဲ့အတွက်ကြောင့် (၁၀)နှစ်အကြာ ဖြစ်တဲ့ ၂၀၁၀-၂၀၁၁ ခုနှစ်မှာ မူလတန်း(၄)တန်းကနေပြီးတော့ အလယ်တန်းကို တိုးချဲ့ပြောင်းလဲ တက်ယူတဲ့ ကျောင်းသားတွေရဲ့ အင်အားဟာ တိုးတက်လာကြောင်း အစီရင်ခံစာမှာ ဖော်ပြထားတာ တွေ့ရပါတယ်။ ၂၀၀၁-၂၀၀၂ မှာ ကျွန်တော်တို့ (၄)တန်းအောင်ပြီးတော့ အလယ်တန်းကျောင်းကို ကူးပြောင်းသင်ယူတဲ့ ကျောင်းသားဟာ (၆၇.၉)ရာခိုင်နှုန်းပဲ ရှိတဲ့နေရာ ကနေပြီးတော့ မူလတန်း လွန်ကျောင်းလေးတွေ ၂၀၀၁-၂၀၀၂ ကနေစပြီးတော့ ဖွဲ့ပေးလိုက်တဲ့ အတွက်ကြောင့် ၂၀၁၀-၂၀၁၁ မှာကတော့ အလယ်တန်းကို ကူးပြောင်းသင်ယူတဲ့ ကျောင်းသားဟာ (၈၀.၅၃)ရာခိုင်နှုန်း တိုးတက်လာတယ်လို့ ဖော်ပြထားတာ တွေ့ပါတယ်။ ဒါဟာ ဘာလဲဆိုရင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းတွေကို ကျောင်းအသစ် ဖွင့်ပေးမယ်၊ ဒါမှမဟုတ် အဆင့်အတန်း မြှင့်ပေး လိုက်မယ်ဆိုတာနဲ့ တစ်ပြိုင်နက်တည်းမှာ ကလေးတွေရဲ့ ပညာသင်ယူနိုင်တဲ့ အခွင့်အလမ်း အများကြီး တိုးတက်လာတယ်ဆိုတာ အသိအမှတ်ပြု ဖော်ပြထားတာပဲ ဖြစ်ပါတယ်။

ဒီနေရာမှာ ပညာရေးဌာနအနေအထားနဲ့ လက်ရှိနောက်ဆုံး ဒီအစီရင်ခံစာအရ ကျင့်သုံး နေတဲ့နည်းကတော့ ကျောင်းအဆင့်အတန်း မြှင့်ဖို့ရာ ကျောင်းသားအရေအတွက် ပြည့်မီမှုရှိတဲ့ အပေါ် တစ်ခုတည်းကို အခြေခံပြီးတော့ မူချထားတာ သွားတွေ့ရပါတယ်။ အဲဒီမှာ ဘာဖော်ပြ ထားသလဲဆိုတော့ မနေ့ကလည်း ကိုယ်စားလှယ်တော်ကြီးတစ်ယောက် ဆွေးနွေးခဲ့ပြီး ဖြစ်ပါတယ်။ အဲဒါက ၂၀၁၂-၂၀၁၃ အခု ပြီးတော့မယ်ဖြစ်တဲ့ ဒီပညာသင်နှစ်အတွင်းမှာ မူလတန်းပညာ သင်ယူမှု အခွင့်အလမ်း တစ်ပြေးညီတိုးတက်စေရေးအတွက် ကျောင်းသား(၂၀)နှင့် (၅၅)ကြား တက်ရောက်နေတဲ့ ကျေးရွာတွေကို အ.မ.ကကျောင်း(ခွဲ) တိုးမြှင့်ပေးမယ်လို့ ပါပါတယ်။ အ.မ.က ကျောင်း(ခွဲ)ဆိုတော့ မူလတန်းကျောင်း(ခွဲ) ဖြစ်ပါတယ်။ အဲဒီတော့ မူလတန်းကျောင်း(ခွဲ) မတိုးမြှင့်ခင်တုန်းကဆိုရင် အဲဒီကျေးရွာတွေမှာ မူလတန်းတွဲဖက်၊ မူလတန်းကျောင်းပဲ ရှိသေး တယ်လို့ ကျွန်တော်တို့ အဓိပ္ပာယ်ကောက်ယူလို့ ရပါတယ်။

ဒီလိုဆိုရင် ကျွန်တော်တို့ အဖြေဘာထွက်နေလဲဆိုတော့ ကျောင်းလိုချင်ရင် ကျောင်းသား မိဘတွေနဲ့ ဒေသခံတွေက ကိုယ်ထူကိုယ်ထနဲ့ တွဲဖက်ကျောင်းတွေ၊ အရင်လုပ်ထားတဲ့ကျောင်း တွေကိုပဲ သူက တိုးချဲ့ပေးမှာဖြစ်တဲ့အတွက် ကျောင်းသားမိဘတွေနဲ့ ဒေသခံတွေပေါ်မှာပေးတဲ့

ဝန်ထုပ်ဝန်ပိုး တာဝန်ဟာ ကြီးမားနေသလားလို့ ကျွန်တော်တို့ ချင့်ချိန်စဉ်းစားဖို့ ရှိပါတယ်။ နောက်တစ်ခုက ဒီကျောင်းသား (၅၅)ဦးနှင့်အထက် တက်ရောက်နေတဲ့ မူလတန်းကျောင်း(ခွဲ)နဲ့ တွဲဖက်မူလတန်းကျောင်းတွေကို မူလတန်းအဆင့် တိုးမြှင့်ပေးသွားမယ်လို့ ဖော်ပြထားတာ ရှိပါတယ်။

နောက်(ခ)ကတော့ အလယ်တန်းပညာ သင်ယူမှုအခွင့်အလမ်း တစ်ပြေးညီ တိုးတက်စေရေးအတွက် အလယ်တန်းကျောင်းသား (၁၅၀)နဲ့ (၂၅၀) တက်ရောက်နေတဲ့ တွဲဖက်အလယ်တန်းကျောင်းနဲ့ မူလတန်းလွန်ကျောင်းတွေကို အလယ်တန်းကျောင်း(ခွဲ)အဖြစ် တိုးချဲ့ပေးပြီးတော့ အလယ်တန်းကျောင်းသား (၂၄၀)နဲ့အထက် တက်နေတဲ့ အလယ်တန်းကျောင်း(ခွဲ)နဲ့ တွဲဖက်အလယ်တန်းကျောင်းတွေကို အစိုးရအလယ်တန်းကျောင်းအဖြစ် တိုးမြှင့်ပေးသွားမယ်လို့ လျာထားပါတယ်ဆိုတဲ့အကြောင်း တင်ပြထားတာ ရှိပါတယ်။

နောက်တစ်ခုက အထက်တန်းပညာ သင်ယူမှုအခွင့်အလမ်း တစ်ပြေးညီ တိုးတက်စေရေးအတွက် အထက်တန်း ကျောင်းသား(၅၀)နဲ့အထက်ရှိတဲ့ တွဲဖက်အထက်တန်းကျောင်းတွေနဲ့ ကျောင်းသားပေါင်း (၃၀၀)နဲ့အထက် တက်နေတဲ့ အလယ်တန်းကျောင်းသားများရှိတဲ့ ကျောင်းတွေကိုတော့ အထက်တန်းကျောင်း(ခွဲ)အဖြစ် တိုးမြှင့်ပေးမယ်။ အထက်တန်းကျောင်းသား (၁၇၀)နဲ့ အထက် တက်နေတဲ့ အထက်တန်းကျောင်း(ခွဲ)နဲ့ တွဲဖက်အထက်တန်းကျောင်းတွေကိုတော့ အထက်တန်းကျောင်းကို တိုးမြှင့်ပေးမယ်လို့ လျာထားတယ်ဆိုတဲ့အကြောင်း ဖော်ပြထားတာ တွေ့ရပါတယ်။ အဲဒီနေရာမှာ ကိန်းဂဏန်းတွေအရ ကျွန်တော့် အနေအထားနဲ့ တင်ပြချင်တာကတော့ Slide နံပါတ်(၁)မှာ ကျွန်တော်တို့ ဖော်ပြထားပြီးတဲ့အတိုင်းပဲ ကျောင်းသားများရဲ့ အရေအတွက်က အင်မတန်မှ ကွာခြားနေတာကို သွားတွေ့ရပါတယ်။

အဲဒီတော့ ဘယ်လောက်ထိ ကွာခြားနေလဲဆိုရင် ကျွန်တော်တို့ မြန်မာပြည်ရဲ့ အနေအထားနဲ့ဆိုရင် တိုင်းကြီးတွေထဲမှာ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတွေဟာ ကျောင်းသားဦးရေ အများဆုံးဖြစ်ကြောင်း စာရင်းဇယားမှာ တွေ့ရပါတယ်။ ဧရာဝတီတိုင်းမှာဆိုရင် ပြီးခဲ့တဲ့ ၂၀၁၀-၂၀၁၁ ရဲ့ စာရင်းဇယားအမှန်နဲ့ ၂၀၁၁-၂၀၁၂ ရဲ့ ပညာသင်နှစ် ယာယီစာရင်းဇယားကို ကြည့်မယ်ဆိုရင် ၂၀၁၀-၂၀၁၁ ဧရာဝတီတိုင်းရဲ့ အခြေခံကဏ္ဍအဆင့် ထက်၊ လယ်၊ မူ ကျောင်းသားပေါင်း (၁၁၆၃၁၂၅)ယောက် တက်ပြီးတော့ နောက်နှစ်မှာ (၁၁၉၂၈၀၄) ယောက် တက်တာ ဇယားမှာ တွေ့ရမှာဖြစ်ပါတယ်။ ဧရာဝတီတိုင်း ပါ။ ဒုတိယအများဆုံးကတော့

ကျွန်တော်တို့ ကျောင်းသားတွေဟာ ပညာရေးတိုင်းတွေ လို့တောင် ခေါ်ရင်တောင် ရမလား မသိပါဘူး။ မန္တလေးတိုင်း ဖြစ်ပါတယ်။ မန္တလေးတိုင်းမှာဆိုရင် ပထမနှစ်မှာ (၁၀၉၅၄၀၈)ယောက်၊ နောက်နှစ်မှာဆိုရင် (၁၁၂၈၁၆၈)ယောက် တက်ခဲ့ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး အနေအထားနဲ့ ဆိုရင် ပထမနှစ်မှာ (၅၅၀၇၄၈)ဦး တက်ပြီးတော့ ဒုတိယနှစ်မှာဆိုရင် (၁၀၁၃၆၃၉)ဦးတက်ကြောင်း စာရင်းဇယားအရ တွေ့ရပါတယ်။

ဒီလိုတွေ့ရတဲ့အခါမှာ ဝေးလံသီခေါင် ပါတယ်ဆိုတဲ့ အဆိုရှင်တင်ပြထားတဲ့ ဒေသတွေ ကြည့်လိုက်တဲ့အခါမှာ ကယားပြည်နယ် တစ်ခုလုံးမှာ အဲဒီနှစ်ကတက်ခဲ့တဲ့ ကျောင်းသား(၃၃၀၆၀)၊ ပထမနှစ်မှာ ရှိပါတယ်။ နောက်နှစ်မှာ (၃၃၅၈၅)ယောက်ပဲ ရှိပါတယ်။ အဆိုရှင်ရဲ့ ချင်းပြည်နယ် မှာဆိုရင် ပထမနှစ်မှာ (၆၄၇၆၇)ယောက် ရှိပါတယ်။ နောက်နှစ်မှာ (၆၇၄၄၅)ယောက် ရှိပါတယ်။ နောက် ရှမ်း(အရှေ့)မှာဆိုရင် အဲဒီနှစ်မှာ (၄၇၀၅၆)ယောက် ရှိပါတယ်။ ဒုတိယနှစ်မှာ (၄၈၁၂၃) ယောက် ရှိပါတယ်။ ဒီကိန်းဂဏန်းတွေကို ကျွန်တော် သွားပြီးကြည့်လိုက်တဲ့အခါမှာ ကျွန်တော်တို့ မန္တလေးတိုင်းလိုဟာမျိုးနဲ့ နှိုင်းယှဉ်ပြီး ကြည့်လိုက်မယ်ဆိုရင် (၁၀)ဆကနေ ပြီးတော့ အဆ(၂၀) ကွာခြားနေတဲ့ ကိန်းဂဏန်းကို တွေ့ရမှာဖြစ်ပါတယ်။

ဒီလို အဆ(၂၀) ကွာခြားနေတာဟာ ကျွန်တော်တို့ လမ်းပန်းဆက်သွယ်ရေး၊ ပထဝီ အနေအထားနဲ့ ဝေးလံသီခေါင်မှုစတဲ့ အခြေအနေတွေကြောင့် ဖြစ်နိုင်တယ်ဆိုတာလည်း ကျွန်တော်တို့ မှန်းဆလို့ရနိုင်တဲ့ အနေအထားမျိုး ရှိပါတယ်။ ဒီလိုကျောင်းသားတွေရဲ့ တက်နိုင်တဲ့ ကျောင်းသားတွေရဲ့ အရေအတွက် အဲဒီလောက် ကွာခြားနေတဲ့အချိန်မှာ ကျောင်းအဆင့်မြှင့်တဲ့ အခါကျတော့ ရှိတဲ့ကျောင်းသားအရေအတွက်ရဲ့ ပြည့်မီမှုအပေါ်မှာ မူတည်ပြီးတော့ပဲ သွားမယ် ဆိုတာ ကျွန်တော့်ရှေ့က ကိုယ်စားလှယ်တော်ကြီးများ စဉ်းစားခဲ့သလိုပဲ ဒါဟာ ကျွန်တော်တို့ တိုးသာ ဆုတ်သာ ရှိအောင် လျှော့ပေါ့ရမယ့် အနေအထားမျိုးတွေ ရှိတယ်လို့ ကျွန်တော်တို့ မှန်းဆလို့ ရနိုင်တဲ့ အနေအထားရှိပါတယ်။

ဒီမှာ ပညာရေးဌာနကနေပြီးတော့ ကျွန်တော်တို့ ထုတ်ပြန်ခဲ့တဲ့ အဲဒီစီမံချက်ထဲမှာ ဘာဖော်ပြထားသလဲဆိုတော့ ကျေးလက်ဒေသနဲ့ နယ်စပ်ဒေသများမှာရှိတဲ့ ကျောင်း(ခွဲ)နဲ့ တွဲဖက် ကျောင်းများမှာ အဆင့်အလိုက် တက်ရောက်နေကြတဲ့ ကျောင်းသားအင်အား ပြည့်မီမှုအပေါ် မူတည်၍ ကျောင်းအဆင့်ကို တိုးမြှင့်ပေးခြင်း၊ ကျောင်း(ခွဲ)အဆင့် သတ်မှတ်ပေးခြင်းတို့ကို စိစစ်

ဆောင်ရွက်သွားမယ်လို့ ဆိုပါတယ်။ အဲဒီတော့ ဒီနေရာမှာ ကျောင်းသားအင်အား ပြည့်မီဖို့ဆို တာဟာ အဓိက စံအဖြစ်ထားပြီး ခုနဖော်ပြထားတဲ့ အရေအတွက်တွေအတိုင်းပဲ သွားနေမယ်ဆိုတဲ့ အနေအထားမျိုးရှိပါတယ်။ ဒါနဲ့ ပတ်သက်ပြီးတော့ ကိန်းဂဏန်း တွေကို ဒုတိယ Slide တစ်ခု၊ ကျွန်တော် ဒီထဲကပဲ ခွဲထုတ်ပြီးတော့ Slide တစ်ခု ကျွန်တော် တင်ပြထားတာ ရှိပါတယ်။ အဲဒါ ကတော့ ကျွန်တော်တို့ မူလတန်း ကျောင်းသားများကို အဓိကထားပြီး ကျွန်တော် တင်ပြထား တာပါ။ ကျွန်တော် ပြည်နယ်(၇)ခုနဲ့ တိုင်းထဲကတော့ ရှင်းလင်းဖို့ ရာလည်း လွယ်ကူအောင်နဲ့ အချိန်ကို ငဲ့ညှာပြီးတော့ ရန်ကုန်တိုင်းနဲ့ မန္တလေးတိုင်းပဲ ကျွန်တော် ဖော်ပြထားတာ ရှိပါတယ်။ အဲဒီဘက်မှာ ထူးခြားချက်တစ်ခု တင်ပြချင်တာက တိုးတက်တဲ့ အတိုး/အလျော့ ရာခိုင်နှုန်းကိစ္စ ဖြစ်ပါတယ်။ ကျွန်တော်တို့ ၂၀၁၀-၂၀၁၁ မှာရှိတဲ့ အမှန်ကိန်းနဲ့ ၂၀၁၁-၂၀၁၂ ရဲ့ ယာယီကိန်းဂဏန်း တွေပေါ်မှာ မူတည်ပြီးတော့ ကြည့်လိုက်ရင် အရေအတွက်တွေ အများကြီး ကွာခြားထားတာ ကတော့ တင်ပြခဲ့ပြီး ဖြစ်ပါတယ်။

ဒါပေမဲ့လို့ ပထမနှစ်နဲ့ ဒုတိယနှစ် ပြောင်းလဲလာတဲ့၊ တိုးတက်လာတဲ့ ကျောင်းသား၊ တိုးတက်လာတဲ့ ရာခိုင်နှုန်းကို သွားကြည့်မယ်ဆိုရင်တော့ ပျမ်းမျှ (၁.၉၈)၊ (၁.၂၃)စတဲ့ တစ် ဒသမ ကျော်ကျော်နဲ့ နှစ် နီးပါးလောက်မှာ ပျမ်းမျှရှိနေတာကို သွားပြီးတော့ တွေ့ရပါတယ်။ တစ်နည်းအားဖြင့်ပြောမယ်ဆိုရင် (၁) နဲ့ (၃) ကြားထဲမှာ မျှပြီးတော့ တက်နေပါတယ်။ အဲဒီလို တက်နေတဲ့ အခြေအနေမျိုးမှာ ကျွန်တော်တို့ ပြန်ကြည့်လိုက်တဲ့အခါ ဖွံ့ဖြိုးနေတဲ့ဒေသလို့ ဆိုနိုင်မယ့် ရန်ကုန်တိုင်းဒေသကြီးနဲ့ မန္တလေးတိုင်းဒေသကြီးဟာ အရင့်အရင်နှစ်တွေကိုလည်း ကျွန်တော် လိုက်တွက်ကြည့်ပါတယ်။ ဒီလို မူလတန်းတက်တဲ့ကျောင်းသားတွေရဲ့ နှစ်အလိုက် နောက်နှစ် နောက်နှစ်တွေမှာ တိုးလာတဲ့အင်အားဟာ (၁.၂)ရာခိုင်နှုန်း၊ တစ်ဒသမ ကျော်ကျော်နဲ့ နှစ်အောက်ထဲမှာပဲ အမြဲတမ်းရှိတာ သွားတွေ့ရပါတယ်။

ဒီလိုဆိုရင် ကျွန်တော်တို့ ဘယ်လို ကောက်ချက်ချလို့ရလဲဆိုတော့ အဲဒီဒေသမှာရှိတဲ့ ပုံမှန်လူဦးရေ ဖွံ့ဖြိုးတိုးတက်နေတဲ့ နှုန်းနဲ့ ကျွန်တော်တို့ ကျောင်းသားဦးရေ တိုးတက်နေတဲ့ နှုန်းဟာ အဲဒီလောက်မှာ အမြဲတမ်း တန်းနေပြီးတော့ ရှိနေတယ်လို့ ကျွန်တော်တို့ မှန်းလို့ရပါတယ်။ ဒီလိုဆိုရင် ကျွန်တော် ကောက်ချက်တစ်ခု ဘာဆွဲလို့ရသလဲဆိုတော့ အဲဒီဒေသမှာရှိတဲ့ ကျောင်း နေနိုင်တဲ့ အရွယ်ကို ရောက်လာတဲ့ ကျွန်တော်တို့ ကျောင်းသားအများစုဟာ ကျောင်းတွေကို

ပုံမှန်ရောက်နေတယ်လို့ မှန်းလို့ရ ပါတယ်။ တစ်နှစ် တစ်နှစ်ကို ပုံမှန်လေးပဲ တိုးတက်သွားတဲ့ ကောက်ချက်ကို ဆွဲလို့ရပါတယ်။ ထူးခြားချက်က ဘာတွေ့သလဲဆိုတော့ အဆိုရှင်ရဲ့ ချင်းပြည်နယ်ကို ကျွန်တော် သွားကြည့်လိုက်မယ်ဆိုရင် ပြီးခဲ့တဲ့ ၂၀၁၀-၂၀၁၁ နဲ့ ၂၀၁၁-၂၀၁၂ ကြားထဲမှာ (၄)ရာခိုင်နှုန်း၊ (၄.၁၃)ရာခိုင်နှုန်းကို ခုန်ပြီးတော့ ကူးသွားတာတွေ့ရတယ်။ အဲဒီလိုပဲ ကျွန်တော်တို့ မွန်ပြည်နယ်မှာဆိုရင်လည်း (၂.၉)ရာခိုင်နှုန်းလောက်အထိ ခုန်ပြီးတော့ တက်တယ်။ ဒီ ရှမ်းအရှေ့မှာဆိုရင်လည်း (၂.၂၇)လောက်အထိ ခုန်ပြီးတော့ တိုးတက်တယ်။

ဒီလိုဆိုရင် ကျွန်တော်တို့က ဘာသွားပြီးတော့ ကောက်ချက်ဆွဲလို့ရသလဲဆိုရင် ကျောင်းတွေရဲ့ အဆင့်အတန်းကို တိုးမြှင့်ပေးလိုက်လို့၊ ကျောင်းကလေးတွေ တိုးချဲ့ပေးလိုက်လို့ ကျောင်းနေနိုင်တဲ့ အခွင့်အလမ်း တိုးလာတာနဲ့ ကျောင်းတက်တဲ့ ကျောင်းသားဦးရေက အများကြီး ခုန်ပြီးတော့ တိုးလာတယ်လို့ ကျွန်တော်တို့ ဒီလိုကောက်ချက်ဆွဲလို့ ရနိုင်ပါတယ်။ အဲဒီလိုကောက်ချက်ဆွဲလိုက်တဲ့အခါမှာ ဆက်ဆွဲလို့ရတဲ့ နောက် ဒုတိယတစ်ဆင့် ကောက်ချက်က ဘာရသလဲဆိုရင်၊ အဲဒီလိုဆိုရင် သူ့အရင်နှစ်က ကျောင်းသားလေးတွေဟာ၊ ကျောင်းနေနိုင်တဲ့ ကျောင်းသားလေးတွေဟာ အခွင့်အလမ်းမရတဲ့အတွက် နေခွင့်မရခဲ့ဘဲနဲ့ အခွင့်အလမ်း သာလာတဲ့ အချိန်ကျမှ ပြုံပြီးတော့ တိုးလာတယ်လို့ ကျွန်တော်တို့ မှန်းဆလို့ရနိုင်တဲ့ အနေအထားမျိုး သွားတွေ့ရပါတယ်။ ဆိုချင်တာက ကျောင်းနေအရွယ် ကျောင်းသားအားလုံး ကျောင်းကို မရောက်နိုင်ဘဲ ရှိနေသေးတယ်လို့ ကျွန်တော်တို့ ယူဆလို့ရပါတယ်။ ဒီလိုဆိုရင် ကျွန်တော်တို့ ဘယ်လိုစဉ်းစားလို့ရသလဲဆိုရင် ဒီ Data တွေကို ကြည့်လိုက်တဲ့အခါမှာ အခု အဆိုရှင် တင်ပြတဲ့ ချင်းပြည်နယ်လိုဟာမျိုးဟာ ပထမနှစ် မူလတန်းကျောင်းသားနဲ့ နောက်နှစ်ကျောင်းသား ခုန်ပြီးတော့ တိုးလာတဲ့အခါမှာ အရင်နှစ်တွေမှာ ကျွန်တော်တို့ ကျောင်းသားတွေဟာ ကျောင်းကို ရောက်လာရမယ့် ကျောင်းနေအရွယ်အားလုံး အကုန် မရောက်သေးဘူး။ နည်းနည်းတိုးချဲ့လာတာနဲ့ ကျောင်းသားတွေဟာ ပိုပြီးတိုးလာတယ်ဆိုရင် ဒီအချက်တွေကို ကျွန်တော် ထောက်ကြည့်လိုက်ရင် အဲဒီလို ချင်းပြည်နယ်မျိုးမှာ အခုလို လွယ်လွယ်ကူကူနဲ့ ကျောင်းတွေကို ပိုပြီးတော့ အဆင့်အတန်းမြင့်ဖို့ တိုးပေးဖို့လိုတယ်လို့ ကိန်းဂဏန်းတွေက ပြနေတာကို ကျွန်တော်တို့ တွေ့ရမှာ ဖြစ်ပါတယ်။

ဒီလိုဆိုရင် ကျောင်းသားအင်အား ပြည့်မီမှုတစ်ခုတည်းအပေါ်မှာ ခြုံပြီးတော့ သုံးသပ်တာမျိုးအစား ဒီလိုကိန်းဂဏန်းတွေကို ကြည့်ပြီးတော့ ပုံမှန်လူဦးရေတိုးနှုန်းနဲ့ မှန်မှန်တိုးသွားနိုင်တဲ့ အနေအထားမျိုး ဖြစ်မယ်ဆိုရင်တော့ နိုင်ငံတော်က ပညာရေးအရ ထောက်ပံ့ပေးမှုဟာ ကျွန်တော်တို့ တိုင်းဒေသကြီးတွေနဲ့ရော၊ ပြည်နယ်တွေအနေနဲ့ရော၊ ဝေးလံသီခေါင်တဲ့ နေရာမှာရော နိုင်ငံတော်က တာဝန်ကျေခဲ့တယ်လို့ ကျွန်တော်တို့ မှန်းဆလို့ရနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ရှေ့က ကိုယ်စားလှယ်ကြီးတွေရဲ့ တင်ပြသွားသလိုပဲ ဒီလိုကိန်းဂဏန်းတွေ ကြည့်လိုက်မယ်ဆိုရင်ကိုပဲ လူဦးရေပြည့်မီမှုဆိုတဲ့ ကိန်းတစ်ခုတည်းနဲ့ သွားနေတာကတော့ဖြင့်ရင် ကျွန်တော်တို့ သဘာဝသိပ်မကျဘူး။ ဒါကြောင့် အဆိုရှင်ကို ကျွန်တော် ထောက်ခံတာ ဖြစ်ပါတယ်။ ဒီနေရာမှာ ဥက္ကဋ္ဌကြီးကနေတစ်ဆင့် ကျွန်တော့်ဒေသနဲ့ အဆိုရှင်ကို ထောက်ခံရင်းနဲ့ ပြည်ထောင်စုအစိုးရကို အကြံပြုတိုက်တွန်းချင်တဲ့ အချက်ကလေး (၂)ခု ရှိပါတယ်။ ပထမတစ်ခုကတော့ စီမံချက်တွေမှာ ရေးဆွဲထားတဲ့အတိုင်း အခြေခံ အောက်ခြေအထိ အဲဒီမှန်းဆထားတဲ့ စီမံကိန်းတွေအတိုင်း အောက်ခြေအထိ တကယ် ရောက်အောင် ရှင်သန်ထိရောက်တဲ့ စီမံခန့်ခွဲမှုမျိုးတွေ ကျွန်တော်တို့ လုပ်ဖို့၊ ဆောင်ရွက်ဖို့လည်း လိုနေသေးတယ်လို့ ကျွန်တော်ပထမအချက် အနေအထားနဲ့ အကြံပြုထောက်ခံ ဆွေးနွေးချင် ပါတယ်။

ဒုတိယအနေအထားနဲ့ကတော့ အခုလို လူဦးရေတွေ အများကြီးပြောင်းလဲနေတဲ့ အခြေအနေမျိုးမှာ ရှေ့က ကိုယ်စားလှယ်တော်ကြီးတွေ တင်ပြသွားသလိုပဲ ကိန်းဂဏန်းတွေရဲ့ အခြေအနေတွေပေါ်မှာ အခြားသုံးသပ်ချက်တွေကို ကြည့်ပြီးတော့ တစ်ခုတည်းကို တစ်ပြေးညီ ကိန်းတွေ သတ်မှတ်ထားခြင်းအစား ကျွန်တော်တို့ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လိုအပ်တဲ့ အခြားတောင်းဆိုမှုတွေကိုလည်းပဲ စဉ်းစားနိုင်ရအောင် ကျွန်တော်တို့ လူဦးရေအပေါ်မှာ မူတည်ပြီးတော့ ကန့်သတ်ထားတဲ့ ကန့်သတ်မှုတွေကို လျှော့ပေါ့ပြီးတော့ စဉ်းစားပေးသင့် ပါတယ်ဆိုတဲ့ အဆိုရှင်ကို ကျွန်တော် ထောက်ခံခြင်း ဖြစ်ပါတယ်။ အဲဒီတော့ ပြန်ပြီးတော့ ချုံ့ရမယ်ဆိုရင် (၁)အချက်က စီမံကိန်းတွေဟာ ကျွန်တော်တို့ ရှင်သန်ပြီးတော့ ထိရောက်ထက်မြက်အောင် စီမံခန့်ခွဲမှု ရှိ/မရှိ ကျွန်တော်တို့ စစ်ဆေးဖို့ လိုပါမယ်။ နောက်တစ်ခုက အားလုံးကို ကျွန်တော်တို့ နွားထီး(၅)ကျပ်၊ နွားမ(၅)ကျပ်ဆိုတဲ့ ပုံစံမျိုးအစား တကယ်ပေါ်ပေါက်နေတဲ့ ကိန်းဂဏန်းတွေအပေါ်မှာ မူတည်ပြီးတော့ လူဦးရေအပေါ်မှာပဲ ကန့်သတ်ထားတဲ့ ကန့်သတ်မှုတွေကို တခြား တောင်းဆိုနေတဲ့ အခြေအနေပေါ်မှာ မူတည်ပြီးတော့ လျှော့ပေါ့စဉ်းစားပြီးတော့ ဆောင်ရွက်ပေးတာဟာ ပိုမိုပြီးတော့

သင့်လျော်မယ်လို့ ကျွန်တော်အကြံပြုရင်းနဲ့ အဆိုရှင်ရဲ့ အဆိုအပေါ်မှာ လေးစားစွာ ထောက်ခံကြောင်း တင်ပြချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၂၀။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၁း၂၀ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၃၅ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၃၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး သည် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၁း၃၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာ စိုင်းဆိုင်ကျောက်ဆမ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၃၅။**

**ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ် ဖြစ်ပါတယ်။ ယခု ကျွန်တော် ချင်းပြည်နယ် အမှတ်(၃)မှ အဆို တင်သွင်းသွားတဲ့ ဝေးလံခေါင်းပါးတဲ့ ဒေသမှာရှိတဲ့ ပြည်သူလူထုရဲ့ ကျန်းမာရေး၊ ပညာရေးများကို အခြား ဖွံ့ဖြိုးသောဒေသနှင့် စာလို့ရှိရင် လျှော့ပေါ့စဉ်းစားပေးဖို့ ဆိုပြီးတော့ အဆိုကို ကျွန်တော် ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ရှေ့မှာလည်း လွှတ်တော်ကိုယ်စားလှယ်တွေ တော်တော်များများ ဆွေးနွေးသွားပြီး ဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီအဆိုက ကျွန်တော်တို့ရဲ့ ရှမ်း(အရှေ့)နဲ့ များစွာသက်ဆိုင်နေတဲ့ အတွက်ကြောင့် ကျွန်တော် ပါဝင်ပြီးတော့ အနည်းငယ် ဆွေးနွေးလိုပါတယ်ခင်ဗျား။

ကျွန်တော်တို့ ရှမ်းပြည်နယ်ဟာ ဒီဝေးလံခေါင်းပါးတဲ့ဒေသထဲမှာ အများဆုံးပါဝင်တဲ့ ပြည်နယ်ကြီးတစ်ခုဖြစ်ပါတယ်။ (၈၇)မြို့နယ်ထဲမှာ ရှမ်းပြည်နယ်က (၂၉)မြို့နယ်ပါပါတယ်။ အဲဒီမှာ ကျွန်တော်တို့ရှမ်း(အရှေ့)လည်း ရှိတဲ့(၁၀)မြို့နယ်ထဲမှာ (၆)မြို့နယ်က ဝေးလံခေါင်းပါးတဲ့ ဒေသထဲမှာ ပါပါတယ်ခင်ဗျ။ ဝေးလံခေါင်းပါးတဲ့ဒေသဆိုတဲ့အတိုင်းပဲ အဲဒီနေရာမှာ လမ်းပန်းဆက်သွယ်ရေး အရ ခက်ခဲတယ်။ ပြီးတော့ ကုန်စည်စီးဆင်းမှုက ခက်ခဲတဲ့အတွက်ကြောင့် ကုန်ဈေးနှုန်း ကြီးမြင့်တယ်။ ပြီးတော့ တခြားဒေသနဲ့ စာလို့ရှိရင် လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ဒါတွေမှာ အစစအရာရာ ခက်ခဲနိမ့်ကျနေတာကို ကျွန်တော်တို့ တွေ့ရပါတယ်။ ဒီ Indicative House of Living Condition Accessment စာအုပ်ထဲမှာ ဖော်ပြထားတဲ့ ဆင်းရဲနွမ်းပါးမှုထဲမှာ ဆိုလို့ရှိရင် ဒီ မြန်မာနိုင်ငံပြည်မနဲ့ ဝေးလံခေါင်းပါးတဲ့ ဒေသဖြစ်တဲ့ ဥပမာ - မြန်မာပြည်ရဲ့ အနောက်ပိုင်းမှာရှိတဲ့ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်။ အရှေ့ပိုင်းမှာဖြစ်တဲ့ ရှမ်းပြည်နယ်၊ အထူးသဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပေါ့။ တောင်ပိုင်းမှာရှိတဲ့ တနင်္သာရီတိုင်း။ မြောက်ပိုင်းအစွန်ဆုံးမှာရှိတဲ့ ကချင်ပြည်နယ်။ ဒါတွေဟာ ဝေးလံခေါင်းပါးတဲ့ဒေသတွေပါ။ ပိုပြီးတော့ ဆင်းရဲနွမ်းပါးမှုများတယ်ဆိုတဲ့ အကြောင်း သူက ဖော်ပြထားပါတယ်။

ကိန်းဂဏန်းနဲ့ ဖော်ပြရမယ်ဆိုလို့ရှိရင် ချင်းပြည်နယ်က (၇၃.၃)ရာခိုင်နှုန်း ဖြစ်တယ်။ ကျွန်တော်တို့ ရှမ်းအရှေ့က (၄၆.၄)နဲ့ ဆင်းရဲနွမ်းပါးမှု ဒုတိယလိုက်ပါတယ်။ ပြီးတော့ အဲဒီနောက်က ရခိုင်၊ ရခိုင်ကတော့ (၄၃.၅) ဖြစ်ပါတယ်။ ပြီးလို့ရှိရင် ရှမ်း(မြောက်)၊ ပြီးလို့ရှိရင် တနင်္သာရီတိုင်း၊ အဲဒါလိုက်ပါတယ်။ ဆင်းရဲနွမ်းပါးမှုက ဝေးလံခေါင်းပါး၊ ဝေးလေလေ ပိုပြီးတော့ ဆင်းရဲနွမ်းပါးမှုက များလေလေ ဖြစ်ပါတယ်ခင်ဗျ။ နိုင်ငံတော်မှာ မျှော်မှန်းထားတဲ့ (၁၆)ရာခိုင်နှုန်း ချဖို့ဆိုလို့ရှိရင် ကျွန်တော်တို့ရဲ့ ဝေးလံတဲ့၊ ခေါင်းပါးတဲ့ဒေသမှာ အများဆုံးပြုလုပ်ရဦးမှာ ဖြစ်ပါတယ်ခင်ဗျ။

ကျွန်တော် အဲဒီဆင်းရဲနွမ်းပါးမှုကို ဘာကြောင့် ပြောရလဲဆိုလို့ရှိရင် အဲဒီ ဆင်းရဲနွမ်းပါးမှုက ဒီ အဆိုရှင် တင်သွင်းသွားတဲ့ တခြား လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး ဒါတွေနဲ့ ဆက်စပ်နေလို့ပဲ ဖြစ်ပါတယ်။ ဆင်းရဲနွမ်းပါးမှုနဲ့ ချမ်းသာမှု ကွာဟမှု များလေလေ အဲဒီ ကျန်းမာရေးနဲ့ ပညာရေးကလည်း ကွာဟမှုအများကြီး ရှိပါတယ်။ လူမှုရေးလည်း ကွာဟမှု ဆင်းရဲမှု၊ ချမ်းသာမှုအပေါ်မှာ မှီခိုလျက်ရှိကြောင်း အဲဒီစာအုပ်ထဲမှာ ဖော်ပြထားပါတယ်။ ဒီစာအုပ်ကို ကျွန်တော်တို့က ဒီ (၁၀၀)ရာခိုင်နှုန်းမှန်တယ်လို့ မယူနိုင်ပေမယ့် ယခု လောလောဆယ်ဆယ်တော့ အဲဒီ အကိုးအကားတော့ ယူလို့ရပါတယ်။ ၂၀၁၄ ခုနှစ်မှာ အဲဒီနိုင်ငံတော်ကနေ ကောက်မယ့် လူဦးရေ သန်းကောင်စာရင်း၊ အိမ်ထောင်စု အခြေအနေ သန်းကောင်စာရင်း အဲဒါ ကောက်လို့ရှိရင်တော့ ပိုပြီးတော့ တိကျတဲ့စာရင်း ရနိုင်မယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်။ အဲဒီစာအုပ်ထဲမှာ ဖော်ပြထားတဲ့ ဒီပညာရေးကဏ္ဍ ဖော်ပြချက်ပေါ့။ ဒီ (၁၅)နှစ်အထက် စာတတ်မြောက်မှုနှုန်းမှာ အဲဒီ အထဲမှာ တစ်ပြည်လုံးက အခု(၈၄.၉)ရာခိုင်နှုန်း ဖြစ်တယ်။ အခု ၂၀၁၂ မှာဆိုလို့ရှိရင် (၈၉)၊ (၉၀)အထိတောင် တက်ပြီလို့ ကျွန်တော်တို့ ကြားသိရပါတယ်။

အဲဒီအချိန်မှာ ကျွန်တော်တို့ရဲ့ ရှမ်း(အရှေ့)က (၄၁.၆)ရာခိုင်နှုန်းပဲ ရှိတယ်။ စာတတ်မြောက်မှု (၁၅)နှစ်အထက် စာတတ်မြောက်မှုနှုန်းက အဲဒါကို ကျွန်တော်တို့ ပြည်နယ်ရဲ့ ရှမ်း(မြောက်)နဲ့ ယှဉ်ကြည့်လို့ရှိရင် တစ်ဝက်တောင် မရှိပါဘူး။ ပြီးတော့ ရှမ်း(၃)ခြမ်းကို ပျမ်းမျှယူမယ်ဆိုလို့ရှိရင်လည်း (၆၅.၆)ဖြစ်ပါတယ်။ အဲဒါ တိုင်းနဲ့ ပြည်နယ်ထဲမှာ စာတတ်မြောက်မှုနှုန်းက အနည်းဆုံး ဖြစ်ပါတယ်ခင်ဗျ။ ကျွန်တော်တို့ ရှမ်းပြည်နယ်က။ ပြီးတော့ တခြားဒေသဖြစ်တဲ့ ကရင်၊ ကယား၊ ရခိုင် အဲဒီမှာလည်း နိုင်ငံတော်ရဲ့ ပျမ်းမျှရဲ့အောက်မှာ ရှိပါတယ်။

ဝေးလံတဲ့၊ ခေါင်းပါးတဲ့ ဒေသတွေ ဖြစ်ပါတယ်ခင်ဗျ။ အဲဒါ တကယ်ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် ကျွန်တော်တို့ ပြီးခဲ့တဲ့လ ရပ်/ကျေး ရွေးချယ်တင်မြှောက်ပွဲ လုပ်တုန်းက သိရှိရပါတယ်။ ကျွန်တော်တို့ ရှမ်း(အရှေ့)ဒေသတွေမှာ ဒီ စာအသင့်အတင့် တတ်ဖို့လူကို ရှိဖို့နေနေသာသာ မြန်မာစကားတတ်ဖို့ လူကိုတောင် တော်တော်လေး ရှာရတာခက်ပါတယ်။ အဲဒီ တချို့ရွာတွေမှာပေါ့။ အဲဒါကြောင့် ပညာရေးကတော့ ကျွန်တော်တို့ ရှမ်း(အရှေ့)ကတော့ တကယ်ပဲ နိမ့်ကျလျက်ရှိပါတယ်ခင်ဗျ။ ပြီးတော့ ဒီဇယား(၅၄)မှာ၊ ဒီစာအုပ်ရဲ့ ဇယား(၅၄)မှာကျတော့ ဒီအိမ်ထောင်ဦးစီးရဲ့ ပညာရေးအဆင့်အတန်းကို ဖော်ပြထားပါတယ်။ ပညာရေး ဥပမာ - ကျွန်တော်တို့ အသက် (၃၀)၊ (၄၀) အဲဒီကနေပြီးတော့ အိမ်ထောင်ဦးစီးရဲ့ ပညာရေးအဆင့်အတန်း၊ ပညာရေးအခြေအနေကို ဒီဇယားမှာ သူတို့ကဖော်ပြထားပါတယ်။ သူ ဘယ်လိုဖော်ပြထားသလဲဆိုရင် သူ့ဖော်ပြထားချက် အရဆိုရင် ကျွန်တော်တို့ ရှမ်း(အရှေ့)ဒေသတွေမှာ အစိုးရအထက်တန်းကျောင်းနေခဲ့တဲ့ မူလတန်း၊ အထက်တန်း၊ အလယ်တန်းကျောင်း၊ အဲဒီတွေက ရာခိုင်နှုန်းက (၃၈)ရာခိုင်နှုန်းပဲ ရှိပါတယ်။ နောက် ဘုန်းကြီးကျောင်း မှာ နေခဲ့တဲ့လူက (၂၁)ရာခိုင်နှုန်းရှိတယ်။ ကျောင်းတစ်ခါမှ မနေဖူးတဲ့ လူက (၄၁)ရာခိုင်နှုန်းတောင် ရှိပါတယ်ခင်ဗျ။ အဲဒီ ကျောင်းမနေခဲ့ဖူးတဲ့ လူက အဲဒါကို နိုင်ငံတော်ရဲ့ ပျမ်းမျှနဲ့ ယှဉ်ကြည့်မယ် ဆိုလို့ရှိရင် အဲဒီမှာ နိုင်ငံတော်က ပျမ်းမျှက အစိုးရကျောင်း မူလတန်း၊ အလယ်တန်း၊ အထက်တန်း ပေါ့။ ပြီးတော့ အဆင့်မြင့်ပညာ အဲဒါနဲ့ အောင်ပြီးတဲ့လူက (၈၃)ရာခိုင်နှုန်းရှိတယ်။ ဘုန်းကြီးကျောင်းနဲ့ ပြီးတဲ့လူက (၉.၅) ရာခိုင်နှုန်း ဖြစ်တယ်။ ပြီးတော့ တစ်ခါမှ ကျောင်းမနေတဲ့ လူက (၇.၁) ရာခိုင်နှုန်းပဲ ရှိတယ်။ အဲဒီတော့ ဒီ ကျောင်းမနေဖူးတဲ့ ကျွန်တော်တို့ ရှမ်း(အရှေ့) ဒီ လူ (၄၀) ရာခိုင်နှုန်းနဲ့ နိုင်ငံတော်ရဲ့ ပျမ်းမျှ(၇)ရာခိုင်နှုန်းနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုလို့ရှိရင် အများကြီးနည်း နေတာကို၊ ကွာခြားနေတာကို တွေ့ရပါတယ်။ ရှမ်း(မြောက်)မှာလည်း ဒီအတိုင်းပဲခင်ဗျ။ ရှမ်း(မြောက်)ကလည်း သူ့ရဲ့ ဘုန်းကြီးကျောင်း ပညာမှာ ပြီးမြောက်တဲ့လူက (၂၄.၅)ရာခိုင်နှုန်း ဖြစ်ပါတယ်။ အဲဒါကို ကျွန်တော်တို့ ဒီဇယား(၂)ခုကို ကြည့်မယ်ဆိုလို့ရှိရင် အဲဒီ စာတတ်မြောက်မှုနှုန်းက ကျွန်တော်တို့ ရှမ်းပြည်နယ်မှာ အနိမ့်ဆုံးဖြစ်တယ်။ (၆၅.၆) နိုင်ငံတော်ပိုင်းနဲ့ကြည့်လည်း တစ်ခုလုံးထဲမှာ ကျွန်တော်တို့ ရှမ်းပြည်နယ်က စာတတ်မြောက်မှုနှုန်းက အနည်းဆုံးဖြစ်တယ်။ ဒါပေမဲ့ ဘုန်းကြီးကျောင်းမှာ စာပြီးခဲ့တဲ့လူက နိုင်ငံတော်ထဲမှာ အများဆုံးဖြစ်ပါတယ်။ အဲဒါကို ကြည့်မယ်ဆို လို့ရှိရင် ကျွန်တော်တို့ရဲ့ ရှမ်းတွေက ဒီ ပညာရေးကို စိတ်မပါလို့၊ ပညာရေးကို

ပျင်းလို့ မဟုတ်ပါဘူး။ ဒါဟာ ကျွန်တော်တို့ ခုန ဦးအောင်ကြည်ညွှန့် တင်ပြသွားသလိုပါပဲ။ ပညာသင်နိုင်တဲ့ အခွင့်အလမ်း မရှိလို့၊ နည်းပါးလို့ အဲဒါကြောင့်ပဲ ကျွန်တော်တို့ စာမသင်နိုင်ခြင်းပဲ ဖြစ်ပါတယ်။ ပညာသင်လို့ လွယ်တဲ့ ဘုန်းကြီးကျောင်းလို ဟာမျိုးကျတော့လည်း ကျွန်တော်တို့ အဲဒါ အများကြီးရှိပါတယ်။ ဒါကြောင့် တခြားပြည်နယ်နဲ့ စာလို့ရှိရင် ဘုန်းကြီးကျောင်းထွက်တွေဟာ ပိုပြီးတော့ များနေတာကို တွေ့ရပါမယ်ခင်ဗျ။ ပြီးတော့ ဘုန်းကြီးကျောင်းမှာကျတော့ ကျွန်တော်တို့ ဒီ မြန်မာစာ မသင်ဘူး။ ကျွန်တော်တို့ရဲ့ ရှမ်း(အရှေ့)မှာ ဘုန်းကြီးကျောင်းတွေကျတော့ အဲဒီမှာ ကျွန်တော်တို့ ကုမ်ရှမ်းသင်တယ်။ ရှမ်းစာ သင်တယ်။ ပြီးတော့ ကုမ်ရှမ်းတရား၊ ကုမ်ရှမ်း ပိဋကတ်ပေါ့ သင်နေတဲ့အတွက်ကြောင့် ကျွန်တော်တို့ မြန်မာစာမှာ ကျွန်တော်တို့ ရှမ်း(အရှေ့)ဒေသက နိမ့်ကျတယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။ ပြီးတော့ အဲဒါမှာ ကျွန်တော်တို့ ဒီဇင်ဘာလတုန်းက ဒီ ကျွန်တော်တို့ ရှမ်း(အရှေ့) ဒေသမှာ ပြည်နယ်ပညာရေးမှူး က ဒီကျောင်းတွေ အဆင့်တိုးမြှင့်ဖို့ သူလျှောက်ထားတာ ရှိပါတယ်ခင်ဗျ။ အဲဒါ ကျွန်တော် လွှတ်တော်အလာနဲ့ကြုံလို့ သွားပြီးတော့ ယူကြည့်ပါတယ်။ အဲဒီမှာ အဆင့်တင်ဖို့ ကျောင်းက (၄၈)ကျောင်းရှိတယ်။ အစုံပဲ။ ဒီ အ.ထ.က(ခွဲ) ကနေပြီးတော့ အ.ထ.က တက်ဖို့၊ နောက်ပြီးတော့ အ.လ.က ကနေပြီးတော့ အ.ထ.က(ခွဲ) တက်ဖို့၊ ပြီးတော့ ဒီ မူ(ခွဲ)က နေပြီးတော့ မူလတန်း တက်ဖို့၊ ပြီးတော့ ကိုယ့်အားကိုယ်ကိုး ကနေပြီးတော့ ဒီမူ(ခွဲ)ကို ရရှိဖို့ အဲဒါတွေ အများကြီး အားလုံး (၄၈)ကျောင်း တောင်ရှိတယ်။ ဒါကို ပြန်ပြီးတော့ စိစစ်ကြည့်မယ်ဆိုလို့ရှိရင် သတ်မှတ်ချက်နဲ့ ပြည့်တဲ့ ကျောင်းဆိုလို့ ရှိရင် အနည်းငယ်ပဲ ရှိတယ်။ သတ်မှတ်ချက် ဥပမာ - ဒီ အထက်တန်း ဆိုပါတော့ အထက်တန်း ဆိုလို့ရှိရင် ဒီမှာရှိနေတဲ့ဦးရေက (၄၁)ဦး၊ လောလောဆယ်ဆယ် တက်နေတဲ့ လူက (၄၁)ဦး၊ (၄၀)ဦး၊ (၆၀)ဦး အဲဒီလိုပဲ ရှိနေတဲ့အတွက်ကြောင့် မိမိတို့ နိုင်ငံတော်က သတ်မှတ်ထားတဲ့ လူဦးရေနဲ့ ကြည့်မယ်ဆိုလို့ရှိရင် ဘယ်တော့မှ အထက်တန်းကျောင်းရမှာ မဟုတ်တော့ဘူး။ ကတော် ဆိုလို့ရှိရင် ဟိုးလွန်ခဲ့တဲ့ အနှစ်(၂၀)ကျော် ကတည်းကပဲ ဒီကျောင်းဖြစ်နေပါတယ်။ အဲဒီတော့ ဒီသတ်မှတ်ချက်အတိုင်း လုပ်မယ်ဆိုလို့ ရှိရင်တော့ ကျောင်း(ခွဲ)တော့ရမှာ အထက်တန်းကျောင်းတော့ ဖြစ်လာမှာ မဟုတ်ဘူး။ ဒီ ဦးပေါလ်ထန်ထိုင်း စဉ်းစားသလိုပဲ။ ကျွန်တော်တို့ ဒေသအတွက်ကတော့ နည်းနည်းလျှော့ပေါ့ဖို့ လိုအပ်မယ်လို့ ကျွန်တော် တင်ပြလိုပါတယ်ခင်ဗျ။ ပြီးတော့ မူလတန်းကျောင်း တက်နေတဲ့ ကျောင်းသားအရေအတွက်တွေလည်း ခုန ဦးအောင်ကြည်ညွှန့် လည်း တင်သွားပါတယ်။ နှိုင်းယှဉ်ထားပါတယ်။ ကျွန်တော်တို့ ရှမ်း(အရှေ့)က

(၄၇၀၅၆)ပဲ ရှိတယ်။ အဲဒီမှာ ပြည်မဖြစ်တဲ့ ရန်ကုန်၊ မန္တလေးကတော့ သိန်းကျော်တယ်။ အဲဒီမှာ ကျွန်တော်တို့က ဆယ်ပုံ တစ်ပုံတောင် မရှိပါဘူး။ အဲဒီမှာ ကျောင်းတက်တဲ့ဦးရေက။ ဒါကြောင့် ကျောင်းတွေ တက်နိုင် အောင် ဖန်တီးပေးဖို့၊ အခွင့်အလမ်းရအောင် အဲဒါ လုပ်ပေးဖို့ လိုအပ်မယ်လို့ ကျွန်တော်တင်ပြ လိုပါတယ်ခင်ဗျ။

ပြီးတော့ ကျန်းမာရေးကဏ္ဍလည်း ဒီအတိုင်းပါပဲ။ ပညာရေးနဲ့ တစ်ထပ်တည်းပါပဲ။ သူက ဆင်းရဲနွမ်းပါးမှု များတဲ့အတွက်ကြောင့် သူနဲ့ ဆက်စပ်နေတဲ့ ကျန်းမာရေး စောင့်ရှောက်ခံရမှု၊ သန့်ရှင်းတဲ့ရေ ရရှိမှု၊ မီးမဖွားခင် စောင့်ရှောက်ခံရမှု၊ မီးဖွားပြီး စောင့်ရှောက်ခံရမှု၊ ကာကွယ်ဆေး ထိုးနှံခံရမှု ဒါတွေကို ဒီဇယားမှာလည်း အသေးစိတ် ဖော်ပြထားပါတယ်။ ဆင်းရဲ၊ ချမ်းသာတဲ့ ဒီလိုမျိုး မြို့ပြနဲ့ ကွာခြားချက်တွေ၊ ဆင်းရဲတာနဲ့ ချမ်းသာတာ ကွာခြားချက်တွေ ဒီစာအုပ်ထဲမှာ ဖော်ပြထားပါတယ်။ အဲဒါကို ကျွန်တော် အသေးစိတ်တော့ မပြောတော့ပါဘူး။ ခုန ကျွန်တော် ပြောတဲ့အတိုင်း ဒီ ကျန်းမာရေးကဏ္ဍမှာလည်း ပညာရေးကဏ္ဍလိုပဲ သတ်မှတ်ချက် အတိုင်းထက် နည်းနည်းဖြေလျော့ပေးဖို့ လိုအပ်ပါမယ်။ ကျန်းမာရေးကဏ္ဍမှာ ဆေးရုံတွေ အဆင့်မြှင့်ဖို့၊ အတွင်းလူနာက ဘယ်လောက်ရှိရမယ်။ အပြင်လူနာက ဘယ်လောက်ရှိရမယ်။ ပြီးတော့ ဘေးပတ်ဝန်းကျင် ရွာတွေမှာ လူဦးရေက ဘယ်လောက်ရှိရမယ်။ အဲဒါမှ ဆေးရုံအဆင့် မြှင့်ပေးမယ်လို့ရှိရင်တော့ ကျွန်တော်တို့ဒေသမှာ အဆင့်မြှင့်မယ့် ဆေးရုံ(၂၅)ကနေပြီးတော့ (၅၀)ဆေးရုံ အဲဒီလိုတက်ဖို့တော့ အခွင့်အလမ်းရှိတော့မှာ မဟုတ်တော့ပါဘူး။ ပြီးတော့အခြေအနေ အရပ်ရပ်ကို ပြန်လည်သုံးသပ်ပြီးတော့ ဒီအဆင့်မြှင့်သင့်လို့ရှိရင်လည်း ဒီအဆင့်မြှင့်ဖို့ လိုအပ် မယ်လို့ ကျွန်တော်တင်ပြလိုပါတယ်။ ပြီးတော့ တစ်ခုယှဉ်ကြည့်မယ်ဆိုလို့ရှိရင် အခုက ကျေးလက် ဒေသတိုင်းမှာ၊ ကျေးရွာတိုင်းမှာ ကျေးလက်/ကျေးရွာ ဆေးပေးခန်း ဖွင့်လှစ်နိုင်ဖို့ဆိုပြီးတော့ စီမံနေပါတယ်။ အဲဒါ ကျွန်တော်တို့ ရှမ်း(အရှေ့)ဒေသကို ကြည့်မယ်ဆိုလို့ရှိရင် ကျေးရွာတိုင်း မပြောနဲ့ ကျေးရွာအုပ်စု(၁)ခုမှာတောင်မှ ဒီဆေးပေးခန်း ထားနိုင်တဲ့အခြေအနေ မရှိပါဘူး။ အဲဒါကြောင့် ကျွန်တော်တို့ဒေသမှာ တခြားဒေသနဲ့ စာလို့ရှိရင်၊ ပြန်ပြီးတော့ ကောက်ရမယ်ဆို လို့ရှိရင် ဆင်းရဲနွမ်းပါးတဲ့ ဒေသက အခြားဒေသနဲ့ စာလို့ရှိရင် ပိုပြီးတော့ များစွာနိမ့်ကျပါတယ် ဆိုတဲ့အကြောင်း နည်းနည်းတင်ပြလိုပါတယ်။ နို့မို့လို့ဆိုရင်တော့ ဒုံရင်းဟာ ဒုံရင်းပဲ ဖြစ်မယ်လို့ ပြောရင်းနဲ့ ကျွန်တော် နိဂုံးချုပ်ပါတယ်ခင်ဗျ။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၅၃။**

**ဥက္ကဋ္ဌ**။ ။ ဦးပေါလ်ထန်ထိုင်း ရဲ့ အဆိုက ကျွန်တော်တို့လည်း နယ်စပ်ဒေသ တော်တော်များများ ရောက်ဖူးတဲ့အတွက် မှန်ပါတယ်။ အဲဒီတော့ နယ်စပ်ဒေသ၊ ဒေသတစ်ခု ဖွံ့ဖြိုးဖို့အတွက် စီးပွားရေး ဖွံ့ဖြိုးရမယ်။ စီးပွားရေး ဖွံ့ဖြိုးခြင်းရဲ့ အခြေခံက ပညာရေးနဲ့ ကျန်းမာရေး။ ပညာရေးနဲ့ ကျန်းမာရေး မတိုးတက်ဘဲနဲ့ ဒီ အလုပ်အကိုင်အခွင့်အလမ်းတွေ ရှိလည်း လုပ်နိုင်မှာ မဟုတ်ဘူး။ အဲဒီတော့ ကျန်းမာမှလည်း ဉာဏ်ကောင်းမယ်။ ပညာသင် နိုင်မယ်။ အဲဒီတော့ ကျန်းမာရေးက ပိုပြီးတော့ အခြေခံကျတယ်။ ကျတဲ့အခါကျတော့ ဒီမှာ လွှတ်တော်ထဲမှာ လွှတ်တော်ကိုယ်စားလှယ်များလည်း ဆွေးနွေးကြတယ်။ ပြောဆိုကြတယ်။ သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်တွေလည်း လာဖြေရှင်းကြတယ်။ ဒါကြောင့်မို့လို့ ဒီပြည်ထောင်စု လွှတ်တော်မှာ နှုတ်ခွန်းဆက်စကား ပြောစဉ်ကလည်း ကျွန်တော်ထည့်ပြောခဲ့တာ ရှိပါတယ်။ အဲဒီတော့ ရွာတိုင်းရွာတိုင်းမှာ ဆရာဝန်မပေးနိုင်တောင် HA ဆိုတာ ကျွန်တော်တို့ ငယ်ငယ်တုန်း က ရှိတယ်။ Health Assistant (HA) ရှိမယ်။ သားဖွားဆရာမ ရှိမယ်။ ဒါကို လုံလောက်အောင် ထုတ်လုပ်ပေးပြီးတော့မှ ဒါတွေ အရင်ဆုံးရောက်အောင်လုပ်မှ ပြည်သူ့ဗဟိုပြု ပညာရေး၊ ကျန်းမာရေး ဖြစ်မယ့် အနေအထားရှိတယ်။ ဒါတွေကို အကုန်လုံး လုပ်ပြီးတဲ့အခါမှာ ပြည်သူ တွေကို ပညာရေး၊ ကျန်းမာရေး အသိပေးဖို့လည်း လိုတယ်။ ပညာရေးလည်း အသိပေးရမယ်။ တချို့ဒေသတွေမှာ ကျွန်တော်တို့ ရောက်တဲ့အခါမှာ မိဘကိုယ်တိုင်က သားယောကျ်ားလေး ထွန်းကားလာရင် တောင်ယာမှာ ခိုင်းစားဖို့ ရပြီဆိုတဲ့ အသိဉာဏ်ပဲ ရှိနေသေးတယ်။ ကျောင်းထားအောင် မနည်း ကျွန်တော်တို့ ပြောရတဲ့သဘောရှိတယ်။ ကျောင်းကိုထားပါ။ ကျောင်းစာပညာတတ်ဖို့ လိုပါတယ်။ စာတတ်ဖို့ လိုပါတယ်။ တော်တော်လေး ပြောယူရတော့ ပညာရေးကလည်း အသိပေးဖို့လည်း လိုပါတယ်။ ပညာရေး အသိပညာ ပေးဖို့လိုတယ်။ ကျန်းမာရေး ဟောဒီ ပြည်မဒေသမှာပင်လျှင် ကျွန်တော်တွေ့တဲ့ ရွာတစ်ရွာ ရှိတယ်။ ရွာအလွန်ကြီးပါတယ်။ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံဆိုတာ ဟိုးလွတ်လပ်ရေးရပြီး ကတည်းက ဖွင့်ထားတာတဲ့ ဥစ္စာ လူနာမရှိဘူး။ အဲဒီဆေးရုံကို သွားပြရမယ်ဆိုတဲ့ အသိစိတ်ဓာတ် မရှိဘဲနဲ့ ဒေါက်တာ ရမ်းကုတွေပေ့ါ။ အဲ ဘယ်က ဘယ်လို။ တချို့ကလည်း ဟိုဟာပါ။ တရုတ် တိုင်းရင်းဆေး Homeopathic တို့လို ဘယ်လိုဘယ်လို ဝင်လာသလဲတော့ မသိဘူး။ Homeopathic, အပ်ကိုင်တာ ရှိတယ်။ နောက် ဒေါက်တာရမ်းကုတွေ၊ တချို့လည်း

မူးရူးနေတာ။ ဒါတွေနဲ့ ပြပြီးတော့မှ ဆေးထိုးရင် ပျောက်တယ် ဆိုတဲ့ အသိပညာပေါ့။ ဘာပဲ ဖြစ်ဖြစ် ဆေးထိုးရမယ်။ ဆေးမထိုးတဲ့ ဆရာဝန်တွေ မကောင်းဘူး။ ဆရာဝန်က မိုးရေပဲ ထိုးလိုက် ထိုးလိုက် ဟာ ထိရောက်တယ်။ ကောင်းတယ်။ ဒီထဲမှာလည်း ဆရာဝန်တွေ အများကြီး ပါပါတယ်။ တချို့လည်း ဒါမျိုးမလုပ်ချင်လို့ တခြားစီးပွားရေးလိုင်းကို ပြောင်းလုပ်ခဲ့တဲ့ ဆရာဝန် တွေလည်း ရှိကြတယ်။ အဲဒီတော့ လူထုမှာ ကျန်းမာရေးအသိလည်းပေးဖို့ လိုနေတာ အမှန်ပါ။ အဲဒီတော့ အထူးသဖြင့် ယခုလို ဝေးလံခေါင်းပါးပြီးတော့ လူမှုရေးခက်ခဲတဲ့ဒေသမှာ ပြောထားတဲ့ အချက်က (၂)ချက်တည်း။ ပညာရေးနဲ့ ကျန်းမာရေး။ ဒါကို စီမံချက်နဲ့ ဖြည့်ဆည်းပေးဖို့ လိုတယ်။ ဟို ငါးပွက်ရာ ငါးစာချ။ တောင်းတဲ့နေရာ ပေးလိုက်ဆိုတာမျိုး မဟုတ်ဘဲနဲ့ စီမံချက်နဲ့ ကြိုတင်လုပ်ဖို့ လိုပါတယ်။ အဲဒီတော့ ဒီဒေသတွေနဲ့ ပတ်သက်ပြီးတော့ စီးပွားရေး ဖွံ့ဖြိုး တိုးတက်ဖို့အတွက်ကို စီမံကိန်းတွေ လုပ်ဖို့လိုတယ်လို့ ကျွန်တော်ပြောခဲ့တာ ရှိတယ်။ ဒါကို စီမံ/ စီးပွား ပြည်ထောင်စုဝန်ကြီးနဲ့ ကျွန်တော် ပြောထားတာ ကြာပါပြီ။ ခင်ဗျားတို့ ဒီဒေသတွေ ဆင်းရဲမွဲတေမှု လျော့ချဖို့ အတွက်ဆိုရင် အထူးစီမံကိန်းလုပ်ဖို့ လိုတယ်။ လိုအပ်ရင် ပြည်ပ ပညာရှင်ပါ ခေါ်ပြီး တိုင်ပင်ပါ။ ကျွန်တော်တို့ ပြည်တော်သာစီမံကိန်း ဆွဲထားတယ်ဆိုတာဟာ မအောင်မြင်ပေမယ့် ဒီနေ့အထိ ရည်ညွှန်းနေရတယ်၊ ပြန်ဖတ်နေရတယ်၊ လေ့လာနေရလောက် အောင်ကောင်းတဲ့ အနေအထား ရှိတယ်။ ဥပမာ - ချင်းပြည်နယ် နွားနောက်ကိစ္စဆိုရင် ကျွန်တော် စခဲ့တာပါ။ မြဝတီရုပ်မြင်သံကြား ကိုင်တဲ့အခါမှာ ဒီနွားနောက်တွေ သွားရိုက်စမ်းဆိုပြီး အင်တာဗျူး လုပ်ပြီး တင်လိုက်တဲ့အခါမှာ နိုင်ငံတော် အကြီးအကဲ တွေ့သွားပြီးတော့ ဒီနွားနောက် မွေးဖို့ အတွက် ငွေတွေထုတ်ချေးလိုက် ဆိုတာမျိုး ဖြစ်လာတယ်။ အဲဒီတော့ မွေးမြူရေးနဲ့ လုပ်ကြည့် တယ်။ သို့သော် အများနဲ့သက်ဆိုင်တဲ့ လုပ်ငန်းကြီး ဖြစ်မလာဘူးပေါ့နော်။ အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးနိုင်တဲ့ လုပ်ငန်းမျိုး မဟုတ်ဘူး။ လက်ဖက်စမ်းသပ်ကြည့်တယ်။ လက်ဖက် လည်း ဟိုဘက်က ချင်းပြည်နယ်နဲ့ ဆက်စပ်နေတဲ့ တစ်ဖက်နိုင်ငံမှာ လက်ဖက်ခြောက် ထုတ်လုပ် တဲ့လုပ်ငန်းနဲ့ ကြီးပွားတဲ့အတွက် ချင်းပြည်နယ်မှာ လက်ဖက်လုပ်ငန်း လုပ်ကြည့်တယ်။ ဒီနေ့ အထိ ဒါ အောင်မြင်ဖြစ်ထွန်းမှု မရှိဘူး။ နောက် ဓာတ်သတ္တု ရှာဖွေကြတယ်။ ဓာတ်သတ္တုနဲ့ စီးပွားရေးဘဝကို တော်လှန်မလား။ မွေးမြူရေးနဲ့ စမ်းကြည့်ပြီးပြီ။ စိုက်ပျိုးရေးနဲ့ စမ်းကြည့်ပြီးပြီ။ ဘာနဲ့ ထပ်စမ်းမလဲ ဆိုတာတွေဟာ ထူးခြားတဲ့ ပညာရှင်တွေ၊ တတ်ကျွမ်းတဲ့ ပညာရှင်တွေနဲ့ တိုင်ပင်ပြီး လုပ်ဖို့လိုတယ်။ အဲဒီတော့ ဒီလိုဆွဲပြီးရင် ကျွန်တော်တို့ ချင်း ကို သွားမယ်။ ကျွန်တော်

ကိုယ်တိုင်သွားမယ် ကျွန်တော် ပြောထားတယ်။ ခင်ဗျားလိုက်ခဲ့ပါ။ ဒီ စီမံ/စီးပွား ဝန်ကြီး။ သွားတိုင်ပင်ကြတာပေါ့။ ရခိုင်ကို သွားမယ်။ ကယားကို သွားမယ်။ သဘောက တစ်နှစ်တစ်နှစ်ကို (၃)ပြည်နယ်လောက် လုပ်နိုင်မယ်ဆိုရင်ကို ဒီ ဆင်းရဲမှု လိုင်းအထက်ကို ရောက်မယ်။ တစ်ပြည်လုံးရောက်မယ်ဆိုတဲ့ အနေအထား ရှိပါတယ်။ အဲဒီတော့ ဒီအဆိုနဲ့ ပတ်သက်လို့လည်း မှန်ကန်ပါတယ်။ သို့သော် အဆိုရဲ့ စာသားကို ဟိုနေ့က ဦးဖုန်းမြင့်အောင် လည်း ပြောထားတာ ရှိတယ်။ ရှိတဲ့အခါကျတော့ ဒါမှန်ပါတယ် ဦးဖုန်းမြင့်အောင် ပြောတာ။ ဖွံ့ဖြိုးမှုမရှိသော ဒေသများတွင်လျှော့ပေါ့၍ နည်းပြီး ဆောင်ရွက်ရမလိုဖြစ်နေတဲ့ သဘော ရှိတယ်။ ဒါကြောင့် ဦးပေါလ်ထန်ထိုင်း အဆိုရှင် ကျွန်တော် ပြင်ပေးပါမယ်။ နားထောင်ပါ။ အဲဒီတော့ အဆိုက ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်း တင်သွင်းထားတဲ့ ဝေးလံခေါင်ပါး၍ လူမှုရေးခက်ခဲသောဒေသရှိ ပြည်သူများ၏ ပညာရေးနဲ့ ကျန်းမာရေးအား ဖွံ့ဖြိုးမှုရှိသောဒေသများထက် အထူးဦးစားပေး အစီအစဉ်ဖြင့်၊ နော် ဦးပေါလ်ထန်ထိုင်း အထူးဦးစားပေး အစီအစဉ်ဖြင့် ပြီးတော့မှ ကန့်သတ်ချက်များ လျှော့ပေါ့၍ ဆောင်ရွက်ပေးပါရန်ဆိုရင် အထူးတလည် ဦးစားပေးရမယ်။ ခုနလည်း ကန့်သတ်ထားတာတွေလည်း လျှော့လို့ရမယ်။ ဒီလို ပြင်ပေးတာ သဘောတူလက်ခံသလား။ လက်ခံတယ်နော်။ ကောင်းပြီ၊ အဲဒီတော့ အဲဒီလို ပြင်လိုက်ပါမယ်။ နောက်တစ်ဆက်တည်း ပြောချင်တာက မနေကတုန်းက ဦးဟာရှိန်းဘွေ တို့ ဆွေးနွေးတဲ့ ဒေသခံ တိုင်းရင်းသားဆရာဝန် ဆ/မ ရပြီးသား ဒီ ဝန်ထမ်းရွေးချယ်ရေးကိစ္စ မအောင်မြင်တဲ့ကိစ္စမျိုး ကျွန်တော်ကို သီးခြားပြောလို့ ကျွန်တော် စာရေးပေးလို့လည်း ရပါတယ်။ လွှတ်တော်ဥက္ကဋ္ဌ အနေနဲ့ သဝဏ်လွှာပို့တယ်ဆိုရင် နိုင်ငံတော်သမ္မတကလည်း အရေးတယူ ဆောင်ရွက်ပေးနေတာတွေ ရှိပါတယ်။ အဲဒီတော့ တစ်တိုင်းလုံး၊ တစ်ပြည်လုံးအနေနဲ့ မူကတော့ မူပေါ့။ သို့သော် သီးခြား ဒီလိုလေးတွေ လိုအပ်တယ်ဆိုလို့ရှိရင် ကျွန်တော့်ကို လာပြီးတော့ ပြောပါ။ ကျွန်တော် စာရေးပေးပါမယ်။ ဒီလိုလည်း ကိစ္စတစ်ခုကို ဖြေရှင်းတဲ့အခါမှာ ဒီလို နည်းလမ်းလည်း ရှိပါတယ်ဆိုတာ ပြောချင်ပါတယ် နော်။ ဒါကြောင့်မို့လို့ ဒီအဆိုနဲ့ ပတ်သက်ပြီးတော့ ပြန်ပြင်တဲ့ အဆိုအတိုင်းပေါ့။ ဒုတိယဝန်ကြီးနော်။ ဝေးလံခေါင်ပါး၍ လူမှုရေး ခက်ခဲသောဒေသရှိ ပြည်သူများ၏ ပညာရေးနဲ့ ကျန်းမာရေးအား ဖွံ့ဖြိုးမှုရှိသော ဒေသများထက် အထူးဦးစားပေး အစီအစဉ်ဖြင့် ကန့်သတ်ချက်များ လျှော့ပေါ့၍ ဆောင်ရွက်ပေးပါရန်ဆိုတဲ့ အဆိုနဲ့ ပတ်သက်လို့ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ပြန်လည်ဆွေးနွေးရန် ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၀၀။**

**ဗိုလ်ချုပ်ဇော်ဝင်း (ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာပြီး တိုင်းပြည်အကျိုး၊ ပြည်သူအကျိုး ပိုမိုသယ်ပိုးထမ်းဆောင်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပေါလ်ထန်ထိုင်း ရဲ့ အဆိုကိုပြန်လည် ရှင်းလင်းဆွေးနွေးရန်အတွက်ကို ကျွန်တော့်အနေနဲ့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၊ အတွင်းရေးမှူးအနေနဲ့ ကျွန်တော် ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ရဲ့ ကိုယ်စားလှယ်မှာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး မိန့်ကြားခဲ့တဲ့အတိုင်းပဲ လူမှုရေးခက်ခဲတဲ့ ဒေသမှာရှိတဲ့ ပြည်သူများရဲ့ ပညာရေးနဲ့ ကျန်းမာရေးအား ဖွံ့ဖြိုးလျက်ရှိတဲ့ ဒေသများထက် အထူးအစီအစဉ်ဖြင့် ကန့်သတ်ချက်များကို လျှော့ပေါ့၍ ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို ဖြစ်ပါတယ်။

ဒီအဆိုနဲ့ ပတ်သက်လို့လည်းပဲ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး (၁၂)ဦးက ထောက်ခံဆွေးနွေး အကြံပြုသွားခဲ့ပြီးလည်း ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ နယ်စပ်ဒေသ ဝေးလံခေါင်းပါးပြီးတော့ လူမှုရေးခက်ခဲတဲ့ ဒေသများမှာရှိတဲ့ တိုင်းရင်းသား ပြည်သူများရဲ့ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး အတွက်ကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနဲ့ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်ပြီးတော့ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီနေရာမှာ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့ လမ်း၊ တံတား၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ ရေရရှိရေး စတဲ့လုပ်ငန်းတွေကို ကျွန်တော်တို့ရဲ့ (၅)နှစ်စီမံကိန်းမှာလည်းပဲ လွှတ်တော်ကိုယ်စားလှယ်ကြီးများထံ တင်ပြပြီးတော့ စီမံကိန်းအနေနဲ့ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့အပိုင်းမှာ ကျွန်တော်ဒီနေ့ အဓိကအားဖြင့်တော့ ပညာရေးနဲ့ အခြေခံကျတဲ့ ကျန်းမာရေးအပိုင်းနဲ့ သက်ဆိုင်တဲ့အပိုင်း ကဏ္ဍအလိုက်ကိုပဲ ကျွန်တော် အကျဉ်းချုံးပြီး တင်ပြသွားပါမယ်။

အသေးစိတ် အဆိုပြုချက်ထဲက ကျွန်တော်တို့ ဝန်ကြီးဌာနနဲ့ သက်ဆိုင်တဲ့ကိစ္စများ ရှိရင်လည်းပဲ ကျွန်တော်တို့ကို ဆက်သွယ်ပြီးတော့ ထပ်မံဆောင်ရွက်ဖို့လိုအပ်တဲ့ ကိစ္စရပ်များကို လည်း အကြောင်းကြားနိုင်ပါကြောင်း ကျွန်တော်တင်ပြလိုပါတယ်။ ဒီနေရာမှာ အချိန်ကန့်သတ် ချက်အရ ကျွန်တော်တတ်နိုင်သမျှ ကိန်းဂဏန်းများနဲ့ ပတ်သက်ပြီးတော့ လျှော့ပြီးတော့ ကျွန်တော် အဓိကလိုအပ်ချက်ကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။ နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီအနေနဲ့က ကျွန်တော်တို့ ပညာရေးလုပ်ငန်းများမှာ နယ်စပ် ဒေသရဲ့ ရန်ပုံငွေနဲ့ ၈၉-၉၀ ခုကတည်းကနေမှ ၂၀၁၂-၂၀၁၃ ခုနှစ်ထိကို ဒီဒေသ အသီးသီးမှာ ပညာရေး လုပ်ငန်း(၁၁၂၆)ခုအတွက် ကျပ်ငွေသန်းပေါင်း(၁၆၀၀)ကျော် ကျွန်တော်တို့ သုံးစွဲပေး ခဲ့ပြီး ဖြစ်ပါတယ်။

ဒါ့အပြင် ယခုလာမယ့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် အထိ ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံးမှာ ဒီ ပညာရေးလုပ်ငန်းများအတွက် အ.မ.က ကျောင်း ဆိုရင်(၂၀)ကျောင်း၊ အလယ်တန်းကျောင်းဆိုရင်(၂)ကျောင်းနဲ့ အထက်တန်းကျောင်း(၁)ကျောင်း တို့ကို နှစ်စဉ်ဆောင်ရွက်ပေးရန် လျာထားပြီး ဖြစ်ပါတယ်။ ဒီနေရာမှာ ခုနက လွှတ်တော် ကိုယ်စားလှယ်ကြီးများ အကြံပြုသွားတဲ့ ဒီတကယ်လိုအပ်ချက်များအပေါ်မှာ၊ အခြားတောင်းဆို ချက်များအပေါ်မှာလည်း အခြေအနေအပေါ်မှာ မူတည်ပြီးတော့ လျှော့ပေါ့စဉ်းစားပေးရန် ဆိုတဲ့ အချက်ကိုလည်း ဒါ စီမံချက်တွေမှာ ကျွန်တော်တို့ ထည့်သွင်းစဉ်းစားဖို့ လိုအပ်မယ်လို့ ကျွန်တော် ခံယူပါတယ်။ နောက်တစ်ချက်ကတော့ ပညာရေးဝန်ကြီးဌာန အနေနဲ့ အခု ဝေးလံ ခေါင်းပါးတဲ့ လူမှုရေးခက်ခဲတဲ့ဒေသတွေ ခုနက တင်ပြသွားတဲ့ဒေသတွေမှာ၊ နယ်စပ်ဒေသနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေမှာ အခြေခံပညာရေး ကျောင်းတွေမှာ ဆွဲခန့်ဆရာတွေ၊ ဆရာ/ ဆရာမများနဲ့ အထွေထွေလုပ်သားများ ခန့်အပ်ဖို့ ဆောင်ရွက်လျက်ရှိရာမှာ နယ်မြေဒေသရဲ့ လိုအပ်ချက်အရ ဆရာ/ဆရာမများ ခန့်ထားမှုကို ဒေသခံ တိုင်းရင်းသားတွေကိုပဲ ဦးစားပေး ပြီးတော့ အရည်အချင်း သတ်မှတ်ချက်တွေနဲ့ ရွေးချယ်ရာမှာ ခုနပြောတဲ့ စံချိန်စံညွှန်းအားဖြင့် ဖြေလျှော့မှုတွေ၊ လျှော့ပေါ့မှုတွေနဲ့ ခန့်ထားလျက်ရှိကြောင်း တင်ပြလိုပါတယ်။

ဒါ့အပြင် ကျွန်တော်တို့ နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ကလည်းပဲ နယ်စပ်ဒေသမှာ ရှိတဲ့ တိုင်းရင်းသားလူငယ်တွေရဲ့ အရည်အသွေးပြည့်ဝတဲ့ ဆရာ/ဆရာမများ အဖြစ်သာ မကပဲနဲ့ တိုင်းရင်းသားလူမျိုးများရဲ့ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ စည်းလုံးညီညွတ်မှု တိုးတက်ရေးကို ခိုင်မာအောင် ကြိုးပမ်းတဲ့၊ အရည်အသွေးမြင့်မားတဲ့ ဝန်ထမ်းကောင်းတွေဖြစ်အောင် ကျွန်တော်တို့ လေ့ကျင့်ပျိုးထောင်ပေးရန်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အခုလည်းပဲ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကို စစ်ကိုင်းမှာ ဆက်လက် ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ကိုယ်စားလှယ်တော်ကြီးများရဲ့ ကိုယ်စားပြုနေတဲ့ ပြည်နယ်/တိုင်းဒေသကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ ဒီဒေသတွေမှ ပြန်လည်တာဝန် ထမ်းဆောင်မယ့် အရည်အချင်း စံချိန်စံညွှန်းနဲ့ကိုက်ညီတဲ့ တိုင်းရင်းသားများကို ရွေးချယ်စိစစ်ပြီးတော့ သင်တန်းများ တက်ရောက်စေလျက်ရှိပါတယ်။

ဒီနေရာမှာ ဘာသာရေးအရဖြင့်လည်း ကျွန်တော်တို့ ဘာသာစုံ၊ ဗုဒ္ဓဘာသာကိုပဲ ယခင်တုန်းက စံထားခဲ့ပေမယ့် ကျွန်တော်တို့ ဘာသာစုံကိုးကွယ်တဲ့ တိုင်းရင်းသားများကိုလည်းပဲ ဒီသင်တန်းများကို တက်ရောက်နေစေပြီဖြစ်ကြောင်း ကျွန်တော်ဖြည့်စွက်တင်ပြလိုပါတယ်။ ၂၀၁၂-၂၀၁၃ ပညာရေးနှစ်မှာ မူလတန်းဆရာအတက်သင် (၃)နှစ်သင်တန်းအတွက်ကို အခြေခံအလယ်တန်းအောင်ပြီးတဲ့ နယ်စပ်ဒေသက တိုင်းရင်းသား သင်တန်းသူ(၂၀၄)ဦး၊ ပညာရေးဘွဲ့(၅)နှစ်အတွက် နယ်စပ်ဒေသမှ အခြေခံပညာအထက်တန်း အောင်မြင်ပြီးတဲ့ သင်တန်းသား/သင်တန်းသူ တိုင်းရင်းသူ(၂၃၇)ဦးကို တက်ရောက်စေလျက်ရှိပြီးတော့ အခု ကျွန်တော်တို့ရဲ့ ဒီတက္ကသိုလ်ကနေ သင်တန်းသူ/သင်တန်းသား အနေနဲ့ (၁၂၄၉၃)ဦးကျော် မွေးထုတ်ပြီးကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးများထံ တင်ပြလိုပါတယ်။

နောက်တစ်ချက်ကတော့ ကျွန်တော်တို့ နယ်စပ်ဒေသမှာရှိတဲ့ တိုင်းရင်းသားလူငယ်များ ပညာရေးနဲ့ အဆင့်မြင့်မားရေးအတွက် ရည်မှန်းချက် ဖြစ်ပါတယ်။ တိုင်းရင်းသားလူငယ်များရဲ့ အသိပညာ၊ အတတ်ပညာရှင်များ ဖြစ်ရေးရည်မှန်းချက်တွေမှာ ကျွန်တော်တို့ နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ အားလုံးသိတဲ့အတိုင်း ပြည်နယ်/တိုင်းတွေမှာ လူငယ်သင်တန်းကျောင်းပေါင်း (၂၉)ကျောင်းရှိပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၁- ၂၀၁၂ မှာ ကျောင်းသား/ကျောင်းသူပေါင်း (၂၉၈၈)ဦးနဲ့ တိုင်းရင်းသားလူမျိုးပေါင်း (၃၃)မျိုး တက်ရောက်ပြီးတော့ ဒီအခုအချိန်အထိ

ကျွန်တော်တို့ အခြေခံပညာအထက်တန်း စာမေးပွဲအောင်မြင်တဲ့ တိုင်းရင်းသားလူငယ်ပေါင်း (၇၇၆)ဦးရှိကြောင်း ဒီနေရာမှာ ကျွန်တော် တင်ပြလိုပါတယ်။ နောက်ပြီးတော့ ဒီကျောင်းသားများကို (၁၀)တန်းအောင်ပြီးတဲ့အခါမှာလည်းပဲ ဒီနေ့ တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်တွေကို တက်ရောက်စေခြင်း၊ ကျောင်းသူတွေကိုတော့ ခုန ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ပညာရေးကောလိပ်၊ သူနာပြုသင်တန်းနဲ့ သားဖွားသင်တန်း တွေကို တက်ရောက်နေစေတာ ဖြစ်ပါတယ်။ ၂၀၁၀-၂၀၁၁ ခုနှစ်အထိ အဆိုပါ ဒီဂရီကောလိပ်တွေကနေ ဝိဇ္ဇာဘွဲ့ဆိုရင်(၄၃၉)ဦး၊ သိပ္ပံဘွဲ့ဆိုရင် (၈၁၅)ဦး၊ ဂျီတီအိုင် ဒီပလိုမာဆိုရင်(၅၂၆)ဦး စုစုပေါင်း(၁၇၈၀)ကျော်ကိုလည်းပဲ သင်ကြားလေ့ကျင့်ပေးပြီးတော့ သက်ဆိုင်ရာ နယ်အသီးသီးမှာ တာဝန်ယူထမ်းဆောင်လျက်ရှိပါ ကြောင်း တင်ပြအပ်ပါတယ်။

ဝေးလံခေါင်းပါးပြီးတော့ လူမှုရေးအခက်အခဲရှိတဲ့ ဒေသတွေမှာ ကျွန်တော်တို့ ထပ်မံပြီးတော့ လူငယ်သင်တန်းကျောင်းတွေမှာ အိမ်တွင်းမှုသင်တန်းကျောင်း၊ စက်မှုသင်တန်းကျောင်း တွေကိုလည်းပဲ ဒီ ၂၀၁၂-၂၀၁၃ မှာ ကချင်ပြည်နယ်မှာဆိုရင် လူငယ်သင်တန်းကျောင်း (၄)ကျောင်း ရှိသွားပါပြီ။ အရေအတွက်အားဖြင့် (၂၉၀၀)ကျော်ပါတယ်။ အိမ်တွင်းမှုသင်တန်း ကျောင်း (၄)ကျောင်း၊ အရေအတွက်အားဖြင့် (၃၀၀၀)ကျော်ပါတယ်။ အလားတူပဲ ချင်းပြည်နယ်မှာ လူငယ် သင်တန်းကျောင်း(၉)ကျောင်း၊ အိမ်တွင်းမှုသင်တန်းကျောင်း(၆)ကျောင်း၊ နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရရှိတဲ့ လူငယ်သင်တန်းကျောင်းဆိုရင် (၂)ကျောင်း၊ ကျောင်းသား/ကျောင်းသူဆိုရင် (၁၅၀၀) ကျော်၊ အိမ်တွင်းမှုသင်တန်းကျောင်း(၃)ကျောင်း၊ စစ်ကိုင်း၊ ခန္တီး ဒေသမှာလည်းပဲ လူငယ် သင်တန်းကျောင်း(၁)ကျောင်း၊ ကျောင်းသား(၈၀၀)ကျော်၊ အိမ်တွင်းမှုသင်တန်းကျောင်း (၁)ကျောင်းနဲ့ အခု "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပန်ဆန်းမှာ ကျွန်တော်တို့ စက်မှုသင်တန်း ကျောင်း(၁)ကျောင်းနဲ့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (လောက်ကိုင်)မှာ စက်မှုသင်တန်း ကျောင်း(၁)ကျောင်းနဲ့ သင်တန်းသားအားလုံး (၂၉၀)ကျော် တက်ရောက်စေပြီးတော့ သင်တန်း သားများကို လေ့ကျင့်မွေးထုတ်ပေးခဲ့ပြီးကြောင်း တင်ပြအပ်ပါတယ်။

လာမယ့် ၂၀၁၃-၂၀၁၄ ခုနှစ်မှာ ကျွန်တော်တို့လျာထားချက်ထဲမှာ နန်းယွန်း၊ ပင်လောင်း၊ နမ့်ဆန်၊ ပင်းတယ ဒါက ပလောင်ဒေသနဲ့ ကျွန်တော်တို့ ပအိုဝ့်ဒေသမှာ ဖြစ်ပါတယ်။ လူငယ် သင်တန်းကျောင်း(၄)ကျောင်း၊ နောက် ကရင်ပြည်နယ်၊ ဘားအံမှာ စက်မှုသင်တန်းကျောင်း

(၁)ကျောင်း၊ လောက်ကိုင်မှာ ထပ်ပြီးတော့ အိမ်တွင်းမှုသင်တန်းကျောင်း (၁) ကျောင်း နဲ့ ၂၀၁၄-၂၀၁၅ မှာတော့ ကျွန်တော်တို့ ပလက်ဝဒေသမှာ လူငယ်သင်တန်းကျောင်း (၁)ကျောင်းနဲ့ မုဒုံမှာ (၁)ကျောင်း၊ ဟားခါးမှာလည်းပဲ စက်မှုသင်တန်းကျောင်း(၁)ကျောင်း၊ နောက် ကရင်ပြည်နယ်က ထို့ကော်ကိုးနဲ့ ကျန်ခဲ့တဲ့ ပင်လုံမှာ၊ လပွတ္တာ စတဲ့ ကျန်ခဲ့တဲ့ တိုင်းနဲ့ ဒေသကြီးတွေမှာ အိမ်တွင်းမှု သင်တန်းကျောင်း (၃)ကျောင်း ဖွင့်လှစ်သွားပါမယ်။ ရခိုင်ပြည်နယ်က မောင်တော၊ ကျောက်ဖြူ မှာလည်းပဲ လူငယ်သင်တန်းကျောင်း (၂)ကျောင်းနဲ့ ပလက်ဝမှာ စက်မှုသင်တန်းကျောင်း (၁)ကျောင်း၊ ကျောက်ဖြူ ကလေးမှာ အိမ်တွင်းမှုသင်တန်းကျောင်း (၂)ကျောင်း ဆက်ပြီးတော့ ကျွန်တော်တို့ ဘတ်ဂျက် လျာထားချက်ထဲမှာ တင်ပြထားပြီးဖြစ်ပါတယ်။

ဝေးလံခေါင်းပါးဒေသများအတွက် ထောက်ပံ့ကြေးပေးနိုင်မှု အခြေအနေလေးကို ကျွန်တော်ဆက်လက်ပြီး တင်ပြသွားပါမယ်။ နိုင်ငံတော်အနေနဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်ဒေသ မှာရှိတဲ့ ဝေးလံခေါင်သီပြီး လုပ်မှုရေးခက်ခဲတဲ့ မြို့နယ်(၅၃)မြို့နယ်၊ မြို့နယ်ခွဲ(၃၄)ခုမှာ တာဝန် ထမ်းဆောင်နေတဲ့ နိုင်ငံ့ဝန်ထမ်းတွေကို လစဥ်အပိုထောက်ပံ့ကြေး (၃၀၀၀၀)အပြင် လက်ရှိလစာ ထုတ်ယူရရှိတဲ့ လစာနဲ့ညီမျှတဲ့ ငွေကိုပါ ဒေသစရိတ်အဖြစ် ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့က စပြီးတော့ သတ်မှတ်ခံစားခွင့်ပြုခဲ့ရာမှာ နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ ကချင်ပြည်နယ်မှာ ဝန်ထမ်း (၂၉) ဦး၊ ရှမ်းပြည်နယ်မှာ (၃၆) ဦး၊ ကယားပြည်နယ်မှာ (၃)ဦး၊ ကရင်မှာ (၁၅)ဦး၊ တနင်္သာရီတိုင်းဒေသကြီးမှာ (၂၂)ဦးနဲ့ ချင်းပြည်မှာ (၃၀)ဦး စုစုပေါင်း (၁၄၀)ကျော်ကို ဒေသစရိတ် များနဲ့ ခံစားခွင့်ပြုလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

နောက် ကျန်းမာရေးကဏ္ဍ အနေနဲ့ကတော့ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့လည်း တိုင်းဒေသကြီး၊ ပြည်နယ်မှာ ဆေးရုံအသစ် ဖွင့်လှစ်ခြင်းနဲ့ ဆေးရုံခုတင် အဆင့်မြှင့်တင်ခြင်း၊ ဆေးရုံရဲ့ ဖွဲ့စည်းပုံ စံကိုက်ဝန်ထမ်းများ ဖွဲ့စည်းပုံ ပြင်ဆင်ခြင်းတွေကို ဆောင်ရွက်နေပါတယ်။ ချင်းပြည်နယ်မှာလည်းပဲ ၁၉၉၀ ခုနှစ်ကနေ ၂၀၁၂ ခုနှစ်အထိ ကာလအတွင်းမှာ ကျွန်တော်တို့ မှတ်တမ်းအရ ဆေးရုံအသစ်ဖွင့်လှစ်ခြင်းက (၆)ရုံ၊ ဆေးရုံခုတင် အဆင့်မြှင့်တင်ခြင်းက (၉)ရုံ၊ ဆေးရုံများရဲ့ဖွဲ့စည်းပုံ၊ စံကိုက်ဝန်ထမ်းများ ဖွဲ့စည်းပုံ ပြင်ဆင်ခြင်းက (၄)ခုနဲ့ ကျေးလက် ကျန်းမာရေးဌာန အသစ်ဖွင့်လှစ်ခြင်းက (၇)ခု ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။ ချင်းပြည်နယ်မှာ ဤကဲ့သို့ ဆေးရုံသစ်ဖွင့်လှစ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာမှာ ဒေသရဲ့

လူဦးရေအပေါ်မှာ သတ်မှတ်တာမဟုတ်ပါဘူး။ ဒေသရဲ့ တောင်းဆိုချက်နဲ့ အခြားတင်ပြချက်များ အပေါ်မှာ၊ လိုအပ်ချက်အပေါ်မှာ မူတည်ပြီးတော့ ဆောင်ရွက်ပေးလျက် ရှိပါကြောင်း ဖြေရှင်း တင်ပြအပ်ပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ နယ်စပ်ဒေသဖွံ့ဖြိုးရေးမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ (၆)ခုဖြစ်တဲ့ နာဂ၊ ဓနု၊ ပအိုဝ့်၊ ပလောင်၊ ကိုးကန့်၊ "ဝ" ဒေသတွေမှာ နိုင်ငံတော်က ထုတ်ပြန် ထားတဲ့ စရိတ်ခံစားခွင့်ပြုတဲ့ သွားရေး၊ လာရေး၊ လူမှုရေး ခက်ခဲတဲ့ ဒေသတွေကို ဆေးပညာကို အမှန်တကယ် ဝါသနာပါပြီးတော့ မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန် ပြန်လည် ထမ်းဆောင်နိုင်မယ့် အရည်အသွေးပြည့်ဝသော ဆေးပညာရှင် ဆရာဝန်ကောင်းများ ပေါ်ထွက်စေရန် ရည်ရွယ်ပြီးတော့ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်သူများကို ၂၀၁၂- ၂၀၁၃ ပညာသင်နှစ်မှာ ဆေးပညာသိပ္ပံဦးစီးဌာန လက်အောက်မှာရှိတဲ့ ဆေးတက္ကသိုလ်များသို့ ပညာသင်ခွင့်ရရှိရေး သတ်မှတ်ချက်များနှင့် ကိုက်ညီသူများကို လျှောက်လွှာခေါ်ယူခဲ့ပါတယ်။ ဆေးတက္ကသိုလ်သို့ စုစုပေါင်းဝင်ခွင့်ရ ကျောင်းသူ၊ ကျောင်းသားဦးရေရဲ့ (၃)ရာခိုင်နှုန်းကို မူလဝင်ခွင့် အနိမ့်ဆုံးရမှတ်ရဲ့အောက် လျှော့ပေါ့စဥ်းစားပြီးတော့ အဆင့်ဆင့်စိစစ် ရွေးချယ်ခဲ့ ကြောင်းနဲ့ ဆေးတက္ကသိုလ်(မကွေး)တွင် ဆေးတက္ကသိုလ် ကျောင်းသား၊ကျောင်းသူ (၃၆)ဦးကို တက်ရောက်စေလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

အလားတူ ဆေးသိပ္ပံပညာဦးစီးဌာနက သူနာပြုကျောင်း (၂၃)ကျောင်း၊ သားဖွား သင်တန်းကျောင်း(၂၀)ကျောင်း၊ နှီးနွှယ်သင်တန်းကျောင်း(၃)ကျောင်းနဲ့ စုစုပေါင်း(၄၆) ကျောင်း ကို ဖွင့်လှစ်ခဲ့ပြီးတော့ အဆိုပါ သူနာပြုနဲ့ သားဖွားသင်တန်း ဝင်ခွင့်စနစ်ကို သက်ဆိုင်ရာ တိုင်း ဒေသကြီးနဲ့ ပြည်နယ်များမှာရှိတဲ့ အခြေခံပညာအထက်တန်းအောင်ပြီး မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ (၃)ဘာသာအများအနည်း တန်းစီဇယားနဲ့ ရွေးချယ်ပြီးတော့ တိုင်းဒေသကြီး ပြည်နယ် များမှာရှိတဲ့ သူနာပြုသင်တန်းကျောင်းများကို တက်ရောက်ခွင့်ပြုလျက်ရှိကြောင်း တင်ပြအပ် ပါတယ်။

ဒါ့အပြင် နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီနဲ့ ဝေးလံခေါင်ဖျားဒေသမှ အဖွဲ့အစည်းများက သူနာပြုနဲ့ သားဖွားသင်တန်းသို့ တက်ရောက်ခွင့်ရရှိရေး ညှိနှိုင်းတင်ပြချက်အရ အထူးအစီအစဉ်နဲ့ သက်ဆိုင်ရာ ဒေသအသီးသီးရဲ့ စုပေါင်းလူဦးရေရဲ့ (၁၀)ရာခိုင်နှုန်းကို ကျွန်တော်တို့ တက်ရောက်ခွင့်ပြုခဲ့ကြောင်း တင်ပြအပ်ပါတယ်။ ထို့အပြင် တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့မှ စိစစ်ရွေးချယ်ပေးသော သူနာပြုနဲ့ သားဖွားသင်တန်းသားများကိုလည်း မူလဝင်ခွင့် အနိမ့်ဆုံးရအောင် လျှော့ပေါ့ပြီးတော့ အထူးကိစ္စတစ်ရပ်အနေနဲ့ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလက စပြီးတော့ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်များမှာရှိတဲ့ သူနာပြု/သားဖွားသင်တန်းကျောင်းများကို တက်ရောက်ခွင့်ပြုခဲ့ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ကျန်းမာရေးကဏ္ဍအနေနဲ့ ၁၉၈၉-၉၀ ဘဏ္ဍာရေးနှစ်၊ ၂၀၁၂-၁၃ ဘဏ္ဍာရေးနှစ်အထိ ကျန်းမာရေးလုပ်ငန်း (၆၁)ခုနှစ်အတွက် ကျပ်သန်းပေါင်း(၆၀၀)ကျော် သုံးစွဲပေးခဲ့ပြီးတော့၊ ယခု ၂၀၁၃-၁၄ ဘဏ္ဍာရေးနှစ်မှ၊ ၂၀၁၅-၁၆ အထိ ဘဏ္ဍာရေးနှစ် ပြည်နယ်နှင့်တိုင်းဒေသကျန်းမာရေးလုပ်ငန်းများအတွက် (၁၆)ကုတင်ဆံ့ဆေးရုံ(၁)ရုံ၊ ဆေးပေးခန်း(၂)ခု၊ ကျေးလက်ကျန်းမာရေး(၃)ခုနဲ့ ကျေးလက်ကျန်းမာရေးဌာနခွဲ(၅)ခုစီတို့ကို နှစ်စဉ်တိုးချဲ့ ဆောင်ရွက်ပေးရန် လျာထားပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ အထက်ပါ လုပ်ငန်းစဉ်များကို လေ့လာသုံးသပ်ခြင်းအားဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် ဝေးလံခေါင်းပါးပြီး လူမှုခက်ခဲသော ဒေသများမှာရှိတဲ့ ဒေသခံပြည်သူများရဲ့ ပညာရေးနှင့် ကျန်းမာရေးအား ဖွံ့ဖြိုးမှုရှိသော ဒေသများထက် ပိုမိုဖြေလျှော့မှု ပြုလုပ်၍ အထူးအစီအစဉ်များဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်ကို ရှုမြင်ရမည် ဖြစ်ပါတယ်။ ထို့အပြင် နိုင်ငံတော်အပိုင်းအနေဖြင့် နယ်စပ်ဒေသအသီးသီးကို တစ်ချိန်တည်း တစ်ပြိုင်တည်း ကြားကွက်လပ်မကျန်အောင် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်လျက်ရှိရာမှာ နယ်မြေတည်ငြိမ်အေးချမ်းမှု၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှု၊ ဒေသခံတိုင်းရင်းသားများရဲ့ ပူးပေါင်းဆောင်ရွက်မှု အခြေအနေတွေသည်လည်း အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၂း၁၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်း တင်သွင်းတဲ့ ဝေးလံခေါင်းပါး၍ လူမှုရေးခက်ခဲသော ဒေသရှိ ပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေးအား ဖွံ့ဖြိုးမှုရှိသော ဒေသများထက် အထူး ဦးစားပေးအစီအစဉ်ဖြင့် ကန့်သတ်ချက်များလျှော့ပေါ့၍ ဆောင်ရွက်ပေးပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုကို အတည်ပြုရန် သဘောတူ/မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။

လွှတ်တော်၏ အဆုံးအဖြတ်ရယူရာတွင် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုတဲ့ နည်းလမ်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲ ပေးနိုင်ကြပါပြီ။ ထောက်ခံ (၁၉၂)၊ ကန့်ကွက်(၂)၊ ကြားနေ(၅) ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဦးပေါလ်ထန်ထိုင်း ရဲ့ အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဦးစောထွန်းမြအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၏ ရှေးခေတ်မြန်မာ့ ယဉ်ကျေးမှုကို အခြေခံသည့် ကျေးလက်ဗဟိုပြု ရွာဦးဘုန်းတော်ကြီးကျောင်း ပညာရေးစနစ် အဆင့်မြှင့်တင် ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၂း၁၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ကို ဆောင်ရွက်မှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစောထွန်းမြအောင် က ရှေးခေတ် မြန်မာ့ယဉ်ကျေးမှုကို အခြေခံသည့် ကျေးလက်ဗဟိုပြု ရွာဦးဘုန်းတော်ကြီးကျောင်း ပညာရေးစနစ် အဆင့်မြှင့်တင်ပေးရန်နှင့် စပ်လျဉ်းတဲ့ အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ဦးစောထွန်းမြအောင် အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၁၇။**

**ဦးစောထွန်းမြအောင်**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးစောထွန်းမြအောင် ဖြစ်ပါတယ်။ ရှေးဦးစွာ ကျွန်တော့် အဆိုကို မတင်ပြမီ မြန်မာ့ယဉ်ကျေးမှု ထိန်းသိမ်းသည့် ရွာဦးကျောင်းပညာရေးစနစ်ကို တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရှေးမြန်မာ့ ယဉ်ကျေးမှုပုံသဏ္ဌာန်နဲ့ မြန်မာ့အမျိုးသားစရိုက် လက္ခဏာသည် ကျေးလက်ဗဟိုပြု ရွာဦးကျောင်းပညာရေးစနစ်မှ စတင်ပေါ်ထွန်းလာခဲ့တယ် ဆိုတာ မမှားပါဘူး။ ရှေးပုဂံခေတ်မှသည် ကုန်းဘောင်ခေတ်တစ်လျှောက်လုံး ရွာဦးကျောင်းမှ သည် မြို့ဦးကျောင်း ပညာရေးအဆင့်ကို တိုးတက်လာခဲ့သည်မှာလည်း မည်သူမျှ မငြင်းနိုင်ပါဘူး။ ထိုခေတ် ထိုအခါက ကျေးလက်မြို့ပြ လူတန်းစားများသည် ရွာဦးကျောင်း၊ မြို့ဦးကျောင်းမှာ ပညာရေးစနစ်ကို သင်ကြားပြီး မင်းညီ၊ မင်းသားများ၊ ကျေးလက်နေပြည်သူများ သင်ကြားခဲ့ရာမှ နိုင်ငံတော်ကို အုပ်ချုပ်သည့် မင်းများ၊ မှူးမတ်၊ ဗိုလ်ပါများ စသည်တို့ ပေါ်ထွန်းလာခဲ့ပါတယ်။ ၎င်းကျေးလက်ရွာဦးကျောင်း ပညာရေးစနစ်တွင် သင်ကြားခဲ့သည့် အကျိုးကျေးဇူးကြောင့် ယဉ်ကျေးမှု စရိုက်လက္ခဏာများသည် ဗလ(၅)တန်တွင် ပါဝင်သည့် ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ ဘောဂဗလ၊ မိတ္တဗလ၊ ဗလ(၅)တန်ကို သင်ယူခဲ့သည့် အတွက် လူမှုရေး၊ နိုင်ငံရေး၊ စစ်ရေး၊ စစ်သေနင်္ဂဗျူဟာ ပိုင်းများ ကျွမ်းကျင်တဲ့အတွက်ကြောင့် နိုင်ငံကို အတတ်ပညာဖြင့် အုပ်ချုပ်ခဲ့ပါတယ်။ ၎င်းခေတ်အခါက ပေါ်ပေါက်ခဲ့သော ပညာရှိ များ၏ အဆုံးအမ၊ သင်ယူမှုစနစ်ကို ယနေ့တိုင် ကိုးကားကျင့်သုံးလျက် ရှိကြပါတယ်။

လူမျိုးတိုင်းတွင် ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာ၊ ဗလ (၅)တန်ဖြင့် ယနေ့တိုင် လက်ခံထားရှိပါတယ်။ (၈၅)ရာခိုင်နှုန်းသော မြန်မာနိုင်ငံသူ/ နိုင်ငံသား များတွေဟာ ပဉ္စသီလ၊ Universal Choice သဘောတရားများကို လက်ခံကျင့်သုံး လာခဲ့ကြ ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံသည် အေဒီ ၁၀၄၃၊ ပုဂံခေတ်မှ ကုန်းဘောင်ခေတ် အထိ ကျေးလက်ရှာဦးကျောင်း ပညာရေးစနစ် ထွန်းကားပြီး၊ ၁၈၂၆ ခုနှစ်၊ ကိုလိုနီစနစ် လွှမ်းမိုးပြီးနောက်ပိုင်း တစ်ဖြည်းဖြည်း ကျေးလက်ဗဟိုပြုပညာရေးစနစ် ယိုယွင်းလာခဲ့ပါတယ်။ ဗြိတိသျှကိုလိုနီခေတ်က ကျေးလက်ဗဟိုပြု ရှာဦးကျောင်းပညာရေးစနစ်ကို ဆွဲယူစုစည်းရန် အတွက် ကိုလိုနီများ ကြိုးစားခဲ့သော်လည်း မြန်မာ့ယဉ်ကျေးမှု အတွင်းသားကို နားမလည်ခဲ့ သည့် အတွက်ကြောင့် အုပ်ချုပ်သူနှင့် ရှာဦးကျောင်းဆရာတော်ကြီးများအကြား နားလည်မှု လွဲမှား၍ လောကီအတတ်ပညာကို လက်မခံဘဲ ငြင်းပယ်ခဲ့ကြပါတယ်။ ဒုတိယကမ္ဘာ့စစ်မတိုင်မီ ရှာဦးကျောင်း ပညာရေးစနစ်ကို စနစ်တကျခေတ်မီအောင် ကြိုးစားပါသော်လည်း ဒုတိယကမ္ဘာ စစ်ကြောင့် မအောင်မြင်ခဲ့ပါ။ ဒုတိယကမ္ဘာစစ်နောက်ပိုင်းမှာ လွတ်လပ်ရေးလှုပ်ရှားမှုများတွင် ပါဝင်သောကြောင့် အမျိုးသားကျောင်း (National High School) များ ပေါ်ထွက်လာခဲ့ ပါတယ်။ နောက်ပိုင်းမှာ ပြည်တော်သာစီမံကိန်းအောက်၌ ကျေးလက်ဗဟိုပြုဘုန်းတော်ကြီးသင် ပညာရေးစနစ်ကို အုပ်ချုပ်စီမံခန့်ခွဲ၍ စီမံကိန်းတစ်ရပ်အဖြစ် လူထုပညာရေးအဖြစ် ဆောင်ရွက် ခဲ့ပါတယ်။

၁၉၆၂ ခုနှစ် နောက်ပိုင်းမှာ နိုင်ငံရေးအပြောင်းအလဲကြောင့် ၁၉၇၂ ခုနှစ် ဘုန်းတော်ကြီးသင်ကျောင်း ပညာသင်ကြားရေးစနစ်ကို လုံးဝဖြုတ်သိမ်းခဲ့ပါတယ်။ သို့သော် လည်းပဲ ၁၉၉၂ ခုနှစ်မှစ၍ ရဟန်းရှင်လူပြည်သူများ၏ တောင်းဆိုမှုကြောင့် သာသနာရေး ဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မူလတန်းကျောင်း၊ မူလတန်းလွန်ကျောင်းများကို ကျေးရွာအနှံ့ အကန့်အသတ်ဖြင့်ပင် ခွင့်ပြုထားပြီး၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများကို အစိုးရ ကျောင်းများနှင့် တွဲဖက်သင်ကြားစေခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးလက်ဗဟိုပြု ရှာဦးကျောင်း ပညာရေးစနစ်၏ အဓိက ရည်ရွယ်ချက်မှာ ကျောင်းနေအရွယ်ကလေးများ မှန်သမျှ ပညာတတ်ခွင့်ရရှိရေး ကောက်သင်း ကောက်၊ ကွက်လပ်ဖြည့်ပေးခဲ့သော ပရဟိတပညာ ဖြန့်ဖြူးရေးလုပ်ငန်းဖြစ်သလို လမ်းပန်း ခက်ခဲသော အခြေခံပညာကျောင်းများနှင့် ကျောင်းဖွင့်ဖို့ရန် အခက်အခဲရှိသည့် ကျောင်းမနေ နိုင်သော ကလေးများ၊ မိဘမဲ့ကလေးများ ဆင်းရဲနွမ်းပါးသူများကို နယ်စပ်နှင့် တောင်တန်း ဒေသနှင့် တိုင်းရင်းသားကလေးငယ်များအတွက် စရိတ်ကုန်ကျမှု မရှိဘဲ ရှာဦးကျောင်းများတွင်

ထားရှိခဲ့ရပါတယ်။ ရွာဦးကျောင်းဘုန်းတော်ကြီးသင် ပညာသင်စနစ်သည် ပရဟိတလုပ်ငန်း၊ ကိုယ်ထူကိုယ်ထလုပ်ငန်းဖြစ်၍ ၎င်းကျောင်းတွင် ကျောင်းနေအရွယ်ကလေးများသည် စရိတ်မကုန် မူလတန်းမှ မူလွန်အထိ ထားနိုင်ခဲ့ပါတယ်။ မူလွန်ပြီးလို့ ရှိရင် အစိုးရအလယ်တန်းကျောင်းမှာ ထားရပါတယ်။ ဒါပေမဲ့ မူလတန်းလွန် (၇)တန်းရောက် လို့ရှိရင် ကျေးရွာရှိ ကလေးများသည် အလယ်တန်းနှင့် အထက်တန်းကျောင်းများမှာ ကျောင်းမထားနိုင်ဘဲ ကျောင်းမှထွက်ပြီး ကျရာအလုပ်ကို လုပ်ခဲ့ကြရပါတယ်။ ရွာဦးကျောင်း၊ မြို့ဦးကျောင်းတွင် ကလေးများသည် ဆင်းရဲသော မိဘများ၊ လူမျိုး၊ ဘာသာ မခွဲခြားဘဲ သင်ယူသောကျောင်းဖြစ်၍ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဖော်ဆောင်ခြင်း၊ အငြိမ်းစား ဆရာ၊ ဆရာမကြီးများ၏ သင်ကြားသည့်စနစ်ဖြင့် စနစ်မှန်ကန်ခြင်း၊ ကိုယ်ထူကိုယ်ထကျောင်း ဖြစ်၍ အမှီအခိုကင်းခြင်း စသည်ထူးခြားသည့် အင်္ဂါရပ်တစ်ခု ဖြစ်ပါတယ်။ ထို့ကြောင့် ကျေးလက်ဗဟိုပြု ရွာဦးဘုန်းတော်ကြီးသင်ပညာရေးကျောင်းအား အဆင့်မြှင့်တင်ရန် အမျိုးသားရေးအမြင်၊ အမျိုးသားနိုင်ငံရေး ရည်မှန်းချက်ဖြင့် ဆောင်ရွက်ရန် လိုအပ်လာပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၁-၂၀၁၂ ခုနှစ် ပညာသင်နှစ်စာရင်းအရ တိုင်းဒေသကြီးနဲ့ပြည်နယ်(၁၇)ခုတွင်ရှိ မြို့နယ်(၂၅၆)မြို့နယ်တွင် မူလတန်းကျောင်း (၁၀၀၈)ကျောင်း၊ မူလတန်းလွန် (၂၉၃)၊ အလယ်တန်းအဆင့် (၁၁၂)ကျောင်း၊ အထက်တန်းအဆင့် (၂)ကျောင်း စုစုပေါင်း (၁၄၁၅) ကျောင်း၊ ကျောင်းသားပေါင်း (၂၃၂၃၃၀)ရှိပြီး ဆရာ/ဆရာမက (၈၅၀၀) ရှိခဲ့ပါတယ်။ ဒီကျောင်းနဲ့ပတ်သက်ပြီး တင်ပြရရင် လက်ရှိ မြန်မာနိုင်ငံမှာဆိုလို့ရှိရင် တွဲဖက်အထက်တန်းကျောင်းက (၂)ကျောင်းအဖြစ် ရှိပါတယ်။ အဲဒီကျောင်းကတော့ မန္တလေးက စလေရယ်၊ ဖောင်တော်ဦးကျောင်းရယ်။ ဒါက တကယ့် ကျွန်တော်တို့ တကယ့်ဆင်းရဲသားရပ်ကွက်ကမှ လာပြီးတော့ တက်ရောက်ပြီး နယ်ဝေးက တောင်တန်းဒေသက လာပြီးတော့ တက်တဲ့ကျောင်းလည်း ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ အထက်တန်းကျောင်း ဖြစ်သော်လည်းပဲ တွဲဖက်အထက်တန်းကျောင်းနဲ့ အစိုးရအထက်တန်းကျောင်းမှာ ပညာသင်ယူခဲ့ရပါတယ်။ ထို့အတူပဲ ကျွန်တော်တို့ ကရင်ပြည်နယ်၊ ဘားအံဒေသမှာဆိုရင် တောင်ကလေး ဒါမူလွန်ကျောင်း ရှိပါတယ်။ ဒီမူလွန်ကျောင်းဟာ ပြောရမယ်ဆိုရင် အထက်ကျောင်းထက်နေရေးထိုင်ရေး၊ သင်ကြားရေး အဆင့်မြင့်ပါတယ်။ သူက နောက်ဆုံးတကယ့်ကို နိုင်ငံခြားစတိုင် Coat အင်္ကျီနဲ့ အောက်က Boot နဲ့ နိုင်ငံခြား အဆင့်မီအောင် သူက တည်ထောင်ထားတယ်။

ဒါပေမဲ့ သူကလည်း မူလွန်လောက်ပဲ ရှိတယ်။ ဒါက (၁၅)နှစ်၊ အနှစ်(၂၀)လောက် ရှိနေပါပြီ။ ဒါက ပမာဏနဲ့ တင်ပြတာပါ။ ထို့အတူပဲ ကျွန်တော်တို့ လားရှိုးဒေသမှာ စိတ္တသုခ။ ဒါ လားရှိုးမှာ နေတဲ့သူဆိုရင် သိပါတယ်။ စိတ္တသုခ(တွဲဖက်) မူလွန်ကျောင်းဆိုလို့ရှိရင် ဒါလည်း ခုနကလို့ပေါ့ ကျောင်းသား (၂၅၀၀)နီးပါး တောင်ရှိနေတယ်။ ဒါက ကျွန်တော့်တို့နယ် ပမာဏနဲ့ တင်ပြတာပါ။ ထို့အတူပဲ ကျွန်တော် တင်ပြခဲ့တဲ့ မကွေးတိုင်းက ပခုက္ကူ တိလောကရာမ ကျောင်းတိုက်ဆိုရင် လည်း မူလွန်ကျောင်းပဲ သူ့ကျောင်းမှာ တစ်နှစ် (၁၀)တန်းအောင် ချက်က တွဲဖက်မှာ တစ်အား အောင်မြင်မှု ရှိခဲ့ပါတယ်။ ဒါကြောင့်မို့လို့ သင်ကြားရေးစနစ်မှာ မူလတန်း၊ အလယ်တန်းအဆင့်၊ အထက်တန်း အဆင့် အစိုးရဌာနမှ သင်ရိုးညွှန်းတမ်းဖြစ်ပြီး စာမေးပွဲစစ်ဆေးရာမှာ အစိုးရမှ မေးခွန်းများ စစ်ဆေးဖြေဆိုရပါတယ်။ ကျေးရွာရှိ ဘုန်းကြီး ကျောင်းများတွင်နေသော ကလေး များသည် အတန်းတင်စာမေးပွဲကို မြို့ပေါ်သို့ တက်ရောက် ဖြေဆိုရသော အခက်အခဲ၊ စာရွက်စာတမ်းဖိုး ကုန်ကျသော အခက်အခဲများ ရှိနေကြပါတယ်။ အစိုးရအထက်တန်း ကျောင်းများနှင့် ပြိုင်ဆိုင်သောကျောင်း မဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တင်ပြလိုတဲ့ အချက်ကတော့ ကျွန်တော်တို့ ရှေးခေတ်မြန်မာ့ယဉ်ကျေးမှုကို အခြေခံ သည့် ကျေးလက်ဗဟိုပြု ရွာဦးကျောင်း ပညာရေးစနစ်ကို အဆင့်မြှင့်တင်ပေးရန်အတွက် လိုအပ်လျက်ရှိပါတယ်။ ဒါပေမဲ့ ယနေ့ ပညာရေးလောကမှာ ကျွန်တော်တို့ နိုင်ငံတော် အစိုးရကလည်း ဒါ အဆင့်မြှင့်တင်ဖို့၊ ဒါ သူတို့ အစီအမံထားရှိကြောင်း သိရှိရပါတယ်။ ကျွန်တော် တင်ပြမယ့်အချက်က ကျေးလက် ဗဟိုပြု ရွာဦးဘုန်းတော်ကြီးကျောင်းကို မူလတန်းကျောင်းကို (၁၀)နှစ်ပြည့် လို့ရှိရင်တော့ မူလွန်အဆင့်ကို ဒါ တိုးမြှင့်ဖို့ကို၊ ဒါကတော့ နဂိုက ပညာရေးစနစ်အနေနဲ့ တိုးမြှင့်ထားတာ ဖြစ်ပါတယ်။ မူလွန် (၅)နှစ်ပြည့်တဲ့ ကျောင်းများကို ဒါ ခုနကလို တွဲဖက် အလယ်တန်းကျောင်း ဖြစ်ဖြစ်၊ အလယ်တန်းကျောင်းဖြစ်ဖြစ် တိုးမြှင့်ပေးဖို့၊ နောက်တစ်ခါ အလယ်တန်း(၅)နှစ် ပြည့်လို့ရှိရင်လည်း ခုနကလိုပေါ့ တွဲဖက်အလယ်တန်းကျောင်း (၅)နှစ်ပြည့်လို့ရှိရင်လည်း အလယ်တန်းကျောင်း၊ အလယ်တန်းကျောင်း (၅)နှစ်ပြည့်လို့ရှိရင်လည်း အထက်တန်းကျောင်း၊ တွဲဖက်အထက်တန်းကျောင်းအဆင့် တိုးမြှင့်ပေးဖို့ ရှိပါတယ်။ ထို့အတူပဲ တွဲဖက်အထက်တန်း ကျောင်းများကိုလည်း သီးခြား သူ့ဟာသူ လွတ်လပ်တဲ့ ခုနလိုပေါ့ အထက်တန်းကျောင်းအဖြစ် သတ်မှတ်ဖို့ ဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ တက္ကသိုလ်၊ ကောလိပ်မှာရှိတဲ့ မြို့ကြီးတွေမှာ ဒါကလည်း မဖြစ်မနေ ဘုန်းတော်ကြီးသင်ပညာရေး အထက်တန်းကျောင်း တစ်ကျောင်းကို

ဒါကတော့ နိုင်ငံတော်အစိုးရမှ တည်ဆောက်ပေးဖို့နဲ့ ခုနကလိုပေါ့ ဒါမှသာလျှင် ကျွန်တော်တို့ ကျေးရွာနေ တောင်သူလယ်သမား သားသမီးတွေ၊ အလုပ်သမား သားသမီးတွေဟာ မြို့ပေါ်နေ ကျောင်းသားများ အဆင့်အတန်းနည်းတူ တက်လမ်း၊ ဘဝတက်လမ်း လုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာက ယခုတင်ပြချက်ဟာ နယ်စပ်နဲ့ တောင်တန်းဒေသ ကျေးလက်နေပြည်သူများကိုယ်စား တင်ပြခြင်းဖြစ်တဲ့အတွက် ကျွန်တော့် အနေဖြင့်လည်းကောင်း တင်ပြခွင့်ပြုသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးအားလည်းကောင်း အထူးကျေးဇူးတင်ရှိပါတယ်။

ဒါပေမဲ့ ကျန်တာကတော့ တစ်ခုရှိပါတယ်။ ဆက်လက်ပြီး ဆောင်ရွက်ရမှာက နယ်စပ်ရေးရာဌာန၊ သာသနာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန ပူးပေါင်းပြီး ဝန်ကြီးဌာန (၃)ခုပေါင်း၍ နိုင်ငံတော်အစိုးရကို ဆက်လက်တင်ပြပြီး ဆောင်ရွက်လျှင် ဒီကိစ္စသည် အလွယ်တကူ ပြီးမြောက်သွားနိုင်ကြောင်း ကျွန်တော် ထင်မြင်ယူဆမိပါတယ်။ သို့ပါ၍ နိုင်ငံတော် အစိုးရအနေနဲ့ အနာဂတ်ပညာရေးစနစ် ဖော်ဆောင်တဲ့နေရာမှာ ကျေးလက်ဗဟိုပြု ပညာရေး၊ ရွာဦးကျောင်းပညာရေးစနစ်ကို ချန်လှပ်မထားဘဲ အဆင့်တိုးမြှင့်ပြီး လက်တွဲ ဖော်ဆောင်၍ ဆောင်ရွက်နိုင်ပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြရင်း ကျွန်တော့်ရဲ့ အဆိုကို မှတ်တမ်းအဖြစ် ထားရှိပေးသင့်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၂၈။**

**ဥက္ကဋ္ဌ**။ ။ တစ်မျိုးကြီးပါလား။ မူလအဆိုရှင်ရဲ့ ဆန္ဒအရ မှတ်တမ်းအဖြစ် ထားရှိကြောင်း ဆုံးဖြတ်ပါတယ်။ ( သြဘာသံများ)

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ ကျေးလက်နေ ပြည်သူသုံး ရေနံဆီကို သင့်တင့်လုံလောက်စွာ ထုတ်လုပ်ဖြန့်ဖြူးပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်း နှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၂း၂၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၂) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် က ကျေးလက်နေ ပြည်သူသုံး ရေနံဆီကို သင့်တင့်လုံလောက်စွာ ထုတ်လုပ်ဖြန့်ဖြူးပေးရန်နှင့် စပ်လျဉ်းတဲ့ အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ဦးမျိုးမြင့် အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၂၈။**

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ဒုတိယဝန်ကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေလို့ ဦးစွာ ကျွန်တော် နှုတ်ခွန်းဆက် ကြိုဆို ဂုဏ်ပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော် ဦးမျိုးမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်နယ်၊ တိုင်းဒေသကြီး အသီးသီးမှာ နေထိုင်လျက်ရှိကြတဲ့ ကျေးလက်နေပြည်သူသုံး ရေနံဆီကို သင့်တင့် လုံလောက်စွာ ထုတ်လုပ်ဖြန့်ဖြူးပေးရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။ အချိန်သက်သာဖို့အတွက် ကျွန်တော့်အား ဖတ်ကြား ခွင့်ပြုပါရန် ဥက္ကဋ္ဌကြီးအား ပန်ကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံဟာ မြေသယံဇာတ၊ မြေအရင်းအမြစ် သယံဇာတ၊ သတ္တုနဲ့ ကျောက်မျက်သယံဇာတ၊ သစ်တောထွက်ပစ္စည်း သယံဇာတ စသည်တို့ ပေါများကြွယ်ဝတဲ့အပြင် လူအရင်းအမြစ်ဖွံ့ဖြိုးမှု သယံဇာတများပါ ပြည့်စုံပေါများတဲ့ နိုင်ငံလည်း ဖြစ်ပါတယ်။ ဒါကြောင့်လည်း ပြည်ထောင်စုအစိုးရလက်ထက် မတိုင်မီနဲ့ ယနေ့ လက်ထက်မှာ နိုင်ငံရေး လွတ်လပ်ခွင့်နဲ့ စီးပွားရေး အခွင့်အလမ်းများ ပွင့်လန်းလာခြင်းနဲ့အတူ နိုင်ငံတကာမှ စိတ်ဝင်စားတဲ့ နိုင်ငံအဖြစ်လည်း တိုးတက်ဖြစ်ထွန်းလာတာကို တွေ့ရှိကြရမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ လူဦးရေဟာ ၂၀၁၀-၂၀၁၁ ခန့်မှန်းချက်များအရ (၅၉.၇၈)သန်း ခန့်မှန်းထားပြီး တော့ မြို့နေလူဦးရေဟာ (၁၈.၃၄)သန်း၊ (၃၁)ရာခိုင်နှုန်းရှိပြီး၊ ကျေးလက်နေ လူဦးရေကတော့ (၄၁.၄၃)သန်း၊ (၆၉)ရာခိုင်နှုန်း အသီးသီးရှိတဲ့အတွက် ကျေးလက်နေပြည်သူများဟာ နိုင်ငံရဲ့ အများဆုံးလူတန်းစားများဖြစ်ကြတာ တွေ့ရှိရပါတယ်။

မြန်မာနိုင်ငံရဲ့ကဏ္ဍ အသီးသီးရှိတဲ့ ကုန်ထုတ်လုပ်မှုအဆောက်အအုံ (Structure of Production) မှာ အဓိက စီးပွားရေးကဏ္ဍ အချိုးပါဝင်မှုကို ကျွန်တော် Slide (1) နဲ့ လည်း ကောက်နုတ်ဖော်ပြအပ်ပါတယ်။ လယ်ယာ၊ မွေး/ရေ၊ သစ်တောကဏ္ဍမှာဆိုရင် (၃၇.၈)ရာခိုင်နှုန်း၊ သတ္တုတွင်းအင်(၀.၇)ရာခိုင်နှုန်းနဲ့ လျှပ်စစ်မှာဆိုရင် (၀.၃)ရာခိုင်နှုန်းရှိတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ယနေ့ မြန်မာနိုင်ငံရဲ့ (၆၉)ရာခိုင်နှုန်းခန့်ရှိတဲ့ ကျေးလက်နေ ပြည်သူများဟာ နေထိုင်မှုရှင်သန် စေဖို့ နိစ္စဓူဝ စားဝတ်နေရေးအတွက် လုံးပန်းနေကြရပါတယ်။ မိုးလေသဝဖောက်ပြန်မှု လယ်ယာ ထွက်ကုန်ပစ္စည်းများ အထွက်နှုန်းကျဆင်းမှုနဲ့ ပြည်တွင်းပြည်ပ ဈေးကွက်ဈေးနှုန်းများ မတည် ငြိမ်မှု ကုန်ဈေးနှုန်းများ အချိန်နဲ့တစ်ပြေးညီ မြင့်တက်နေမှု ငွေကြေးဖောင်းပွမှု စတာတွေဟာ နိုင်ငံသားအများစုရဲ့ ပြဿနာများအဖြစ် ဖြေရှင်းနေကြရပါတယ်။ လူမှုဖွံ့ဖြိုးတိုးတက်ရာမှာလည်း နေ့စဥ် မရှိမဖြစ် သုံးစွဲနေရတဲ့ မီးဖိုချောင်သုံး လောင်စာစွမ်းအင်၊ ညဥ့်အလင်းရောင်သုံးစွမ်းအား၊ လုံလောက်သန့်ရှင်းတဲ့ သောက်သုံးရေ စတဲ့အခြေခံလိုအပ်ချက်များနဲ့အတူ ပညာရေး၊ ကျန်းမာရေး ကိစ္စရပ်များ အတိုင်းအတာတစ်ခုအထိ ခံစားခွင့်ရရှိနိုင်ရေးတို့အတွက် လုံးပန်းဆောင်ရွက်နေကြ တာကိုလည်း တွေ့ရှိကြရမှာ ဖြစ်ပါ တယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးလက်နေပြည်သူများဟာ ရေမြေ တောတောင် သဘာဝသစ်တောကြီးများနဲ့လည်း ဆက်စပ်ထိတွေ့ နေထိုင်ကြသူများ ဖြစ်ပါတယ်။ ဆွေးနွေး တင်ပြလိုသည်မှာ ယနေ့ကမ္ဘာကြီးပူနွေးလာမှုနဲ့ ရာသီဥတုပြောင်းလဲလာမှုများကြောင့် ကမ္ဘာ့နိုင်ငံအားလုံးသာကမ မြန်မာနိုင်ငံအနေဖြင့်ပါ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု (Environmental Impact) လူမှုဖွံ့ဖြိုးရေးဆိုင်ရာရိုက်ခက်မှု (Social Impact)တို့ကို ပို၍ ကန့်ကွက်လျက် ရှိနေကြပါတယ်။ တင်ပြချက်များနဲ့ဆက်စပ်လျက်လည်း သစ်တောပညာရှင်များရဲ့ သုတေသန စာရင်းဇယားများအရဆိုလျှင် မြန်မာနိုင်ငံရဲ့ သစ်တောကြီးများ ပြုန်းတီးမှုအခြေအနေဟာ နှစ်စဥ် တိုးတက်မှုနှုန်းနဲ့ သွားနေကြောင်း တွေ့မြင်နေကြရပါတယ်။ မြန်မာနိုင်ငံအတွင်းမှာ သစ်တောများ

ဖုံးလွှမ်းမှုအခြေအနေကိုလည်း ဇယား(၁) Slide (2) နဲ့ ကျွန်တော် ဖော်ပြထားပါတယ်။ Slide(2) မှာဆိုလို့ရှိရင် ကျွန်တော်တို့ ကုန်းဘောင်ခေတ်ကဆိုရင် ပြုန်းတီးမှုရာခိုင်နှုန်းက (၇၀)ရာခိုင်နှုန်း ရှိပြီးတော့ ၁၉၆၂ ခုနှစ် ဝန်းကျင်မှာ ဆိုရင် (၅၇)ရာခိုင်နှုန်း ရှိပါတယ်။ ၂၀၀၅ ခုနှစ်မှာဆိုရင် (၅၀)ရာခိုင်နှုန်းအထိ ရှိပါတယ်။ ၂၀၀၈ ခုနှစ် မှာဆိုရင် (၂၄)ရာခိုင်နှုန်းအထိ ဒါ ကျွန်တော်တို့ လျှော့နည်းဖုံးလွှမ်းမှုက အဲဒီအခြေအနေထိ ဖြစ်ပေါ်လာတယ်ဆိုတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ သစ်တောများ ထိန်းသိမ်းပြုစုခြင်း၊ ပြုစုထူထောင်ခြင်းဆိုင်ရာဥပဒေ ၁၉၉၂ ခု၊ တောရိုင်းတိရစ္ဆာန် သဘာဝသစ်ပင်များ ကာကွယ်ရေးနဲ့ သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေ ၁၉၉၄၊ မြန်မာ့ သစ်တောမူဝါဒနဲ့ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောဆိုင်ရာညီမျှချက်များ ၁၉၉၅၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ ၂၀၁၂ စသည်တို့ကို လေးစားလိုက်နာ လက်တွေ့ကျင့်သုံးမှုများ မရှိကြ ကြောင်းလည်း တွေ့ရှိရပါတယ်။ ဥပဒေ ချိုးဖောက်မှုများအပေါ်မှာ ထိထိရောက်ရောက် အရေးယူမှုများကို မရှိခြင်းကြောင့်လည်း သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးနေရကြောင်းလည်း သုံးသပ်လို့ရပါတယ်။ သစ်တောဦးစီးဌာနရဲ့ စာရင်းဇယားများအရဆိုရင် သစ်တောကြီးများ ပြုန်းတီးမှုဟာ ၁၉၇၅ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ နှစ်စဉ် (၀.၆၄) ရာခိုင်နှုန်းနဲ့ ၁၉၈၅ ခုနှစ်က ၁၉၉၈ ခုနှစ်အထိ နှစ်စဉ် (၁.၂)ရာခိုင်နှုန်းရှိကြောင်း သိရှိရပါတယ်။ သစ်တောကြီးများ ပြုန်းတီး ရခြင်းကိုလည်း ခြုံငုံသုံးသပ် တင်ပြလိုပါတယ်။ (က) အလွန်အကျွံ သစ်ခုတ်လှဲထုတ်ယူကြခြင်း၊ (ခ) ဆက်သွယ်သွားလာမှု လွယ်ကူသော ဒေသကြီးများ လွန်စွာစုပေါင်းစုပြုံထုတ်ယူခြင်း၊ ဥပမာ ပဲခူးတိုင်းဒေသကြီး (ဂ) နည်းအမျိုးမျိုးဖြင့် တရားမဝင် မသမာသောနည်းဖြင့် သစ်ခုတ်လှဲ ထုတ်ယူမှုများ၊ သစ်ခွဲသားများအဖြစ် စိတ်ခွဲခြင်းများပြုလုပ်မှု များပြားခြင်း၊ (ဃ) နှစ်စဉ်စီမံကိန်း အဖြစ် သတ်မှတ်လျက် အစားထိုး ပြန်လည်စိုက်ပျိုးမှု အားနည်းခြင်း၊ ရှင်သန်ဖြစ်ထွန်းအောင် လိုက်ပါကြီးကြပ်မှု ထိရောက်စွာ လုပ်ဆောင်ရန် လိုအပ်ခြင်း၊ (င) ရွှေ့ပြောင်းတောင်ယာစနစ် ကျင့်သုံးခြင်း အားပေးခြင်း၊ (စ)ရေနံထွက်ပစ္စည်း လောင်စာဆီ သုံးစွဲနိုင်ရန် အခွင့်အလမ်း နည်းပါးခြင်းကြောင့် ထင်း၊ မီးသွေး သုံးစွဲမှုများပြားခြင်း။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ သစ်တောဆိုင်ရာ ဆွေးနွေးချက်များကို ယခုလို တင်ပြနေရခြင်းမှာ ကျေးလက်ဒေသ ပြည်သူများရဲ့ လိုအပ်ချက် ရေနံဆီနဲ့ ထင်းမီးသွေး အသုံးပြုမှု ဆက်စပ်နေလို့ ဖြစ်ပါတယ်။ လေ့လာသိရှိရသလောက် တင်ပြရပါလျှင် သက်ဆိုင်ရာစွမ်းအင်ဝန်ကြီးဌာနအနေနဲ့ ၁၉၈၀-၁၉၈၁ ခုနှစ်ခန့် ဝန်းကျင်မှာ

အောက်ပါအခြေအနေများ ဖြစ်ပေါ်ကြုံတွေ့ခဲ့ရတယ်လို့ သိရှိရပါတယ်။ (က) ပြည်တွင်းရေနံစိမ်း ထုတ်လုပ်မှု လျော့နည်းလာခြင်း၊ (ခ) ပြည်ပမှ ရေနံစိမ်းစက်သုံးဆီများ ဝယ်ယူသုံးစွဲရန် နိုင်ငံခြား သုံးငွေ FE အခက်အခဲရှိခြင်း၊ (ဂ) သယ်ယူပို့ဆောင်ရေး၊ တည်ဆောက်ရေးလုပ်ငန်းများနဲ့ စီမံကိန်း များ ကုန်ထုတ်လုပ်ငန်းများ စသည်တို့အတွက် ဒီဇယ်ဆီ ပိုမိုထုတ်လုပ်ရန် ဦးစားပေးထားရှိ ဆောင်ရွက်တဲ့အတွက် ရေနံဆီထုတ်လုပ်မှုကို နှစ်စဉ်လျော့ချလာခဲ့ရခြင်း ထင်းမီးသွေးရေနံဆီ၊ အိမ်တွင်းလျှပ်စစ်သုံးစွဲမှု နှိုင်းယှဉ်ဇယားများကိုလည်း Slide (3) နဲ့ လည်းကောင်း၊ မျဉ်းကွေးပုံ Curve ကိုလည်း Slide (4) နဲ့လည်းကောင်း ကျွန်တော် ဖော်ပြလိုပါတယ်။ ဒီမှာကြည့်လို့ရှိရင် ကျွန်တော်တို့ နှစ်စဉ်ထုတ်လုပ်မှုအခြေအနေကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဇယား(၂)မှာဆိုရင် သုံးစွဲမှုကို ကျွန်တော်တို့ ဒီမှာ အသေးစိတ် ဖော်ပြထားပါတယ်။ အချိန်ကုန်သက်သာအောင် အတွက် ကျွန်တော် ဒါကို ဖတ်ကြားခြင်း မပြုတော့ပါဘူး။ Slide (4) မှာကတော့ ကျွန်တော်တို့ အဓိကဉစ္စာ ဒီ မီးသွေး၊ ထင်း၊ ရေနံဆီနဲ့ အိမ်သုံးလျှပ်စစ်တို့ရဲ့ သုံးစွဲမှုအခြေအနေကို နှိုင်းယှဉ် ဖော်ပြခြင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ စွမ်းအင်ဝန်ကြီးဌာနရဲ့ နှစ်အလိုက် ရေနံဆီထုတ်လုပ်မှု ဇယား(၃)ကို Slide(5) ဖြင့်လည်းကောင်း ရေနံဆီထုတ်လုပ်မှု သစ်တောပြုန်းတီးမှု နှိုင်းယှဉ်ချက် ကို မျဉ်းကွေး Curve Slide (6) ဖြင့်လည်းကောင်း ဖော်ပြထားပါတယ်။ ကိန်းဂဏန်းများကို တော့၊ နှစ်အလိုက်ကိုတော့ ကျွန်တော့်အနေနဲ့ ဖတ်မပြတော့ပါဘူး။ ဒီမှာ ယှဉ်ကြည့်လို့ရှိရင် ရေနံဆီထုတ်လုပ်မှုနဲ့ သစ်တောပြုန်းတီးမှု ဆက်နွယ်နေတဲ့ဥစ္စာကို ကျွန်တော်လွယ်ကူစွာ သိရှိအောင် ဖော်ပြခြင်း ဖြစ်ပါတယ်။ ရေနံဆီ ထုတ်လုပ်ဖြန့်ဖြူးမှု လျော့နည်းလာတာနဲ့အညီ ကျေးလက်နေ ပြည်သူများ ထင်းမီးသွေး လောင်စာအပေါ် မှီခိုအားထားကြရတဲ့အတွက် တောများပြုန်းခြင်း ညဥ့် အလင်းရောင် ရရှိရေးသုံးစွဲနိုင်ရန် အခွင့်အလမ်း မရှိ၍ အခြားနည်းလမ်းများကို ခက်ခဲဈေးနှုန်း ကြီးမြင့်စွာ သုံးစွဲလျက် ရှိနေ ကြောင်းလည်း လေ့လာတွေ့ရှိရပါတယ်။

ကျွန်တော့်အနေနဲ့ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလအတွင်းမှာ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်များ ဖြစ်ကြတဲ့ တောင်သာမြို့နယ်နဲ့ ကျောက်ပန်းတောင်းမြို့နယ်များအတွင်းရှိတဲ့ ကျေးရွာများကို ကွင်းဆင်းပြီးတော့ ကျေးလက်နေပြည်သူများ လောင်စာစွမ်းအင် သုံးစွဲမှုအခြေအနေကို စစ်တမ်း လေ့လာကောက်ယူချက်များအား လုပ်ခဲ့ပါတယ်။ ဒါကို Slide(7) နဲ့ တင်ပြလိုပါတယ်။ ကျွန်တော်တို့ Slide (7) မှာဆိုရင် တောင်သာမြို့နယ်မှာဆိုရင် ကျေးရွာပေါင်း၊ အုပ်စုပေါင်း (၈၈)ရှိပြီးတော့ အိမ်ထောင်စုဦးရေဟာ (၄၆၇၃၂)ရှိပါတယ်။ မီးဖိုချောင်သုံးနဲ့ ညအလင်းရောင် တွေကို နှိုင်းယှဉ်

ဖော်ပြထားတဲ့ အခြေအနေများကို မြင်တွေ့ရမှာ ဖြစ်ပါတယ်။ ကျောက်ပန်းတောင်းမြို့နယ်မှာ ဆိုရင် ကျေးရွာပေါင်း၊ အုပ်စုပေါင်း (၁၀၉)ရှိပြီးတော့ အိမ်ထောင်စုဦးရေဟာ (၄၉၄၂၈) ရှိပါတယ်။ မီးဖိုချောင်သုံးနဲ့ ညဥ့်အလင်းရောင်သုံး များကိုလည်းပဲ ကျွန်တော် အဲဒီမှာ ဖော်ပြထားတာ တွေ့ရှိခြင်းအားဖြင့် ရေနံဆီအခြေအနေဟာ အလွန် နည်းပါးကြောင်းကို ပေါ်လွင်မှာ ဖြစ်ပါတယ်။ အခြား ညဥ့်အလင်းရောင်သုံးများမှာ ဖယောင်းတိုင်၊ လျှပ်စစ်တို့ ဖြစ်ကြပါတယ်။ ကျေးရွာအုပ်စုများကို ကွင်းဆင်းမေးမြန်းချက်များအရ ရေနံဆီများ မရရှိသည်မှာ ကာလတာရှည်ပြီဖြစ်ကြောင်း ရေနံဆီ လွယ်လွယ်ကူကူ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူရရှိပါက ချက်ပြုတ်ရေး၊ ညဥ့်အလင်းရောင်သုံး စသည်တို့အတွက် သုံးစွဲသွားနိုင်ကြောင်းလည်း သိရှိရပါတယ်။ တဖန် မြန်မာနိုင်ငံသား လူတစ်ဦး တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်မှု (Capital Meter Electrical Consumption) အခြေအနေကိုလည်း ဖွံ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲ နိုင်ငံအချို့နဲ့ နှိုင်းယှဥ်ထားချက် ပုံ(၇)ပါ Histogram ကိုလည်း ဖော်ပြလိုပါတယ်။ မြန်မာနိုင်ငံဟာ လူဦးရေသန်း(၆၀)ခန့် ရှိတဲ့အနက် (၂၄)ရာခိုင်နှုန်းမှ (၂၅)ရာခိုင်နှုန်းအထိကို လျှပ်စစ်မီးကို အထိုက်အလျောက် ရရှိခံစားနိုင်ကြတယ်လို့ တင်ပြလိုပါတယ်။ Slide(A) မှာဆိုလို့ရှိရင် နိုင်ငံအသီးသီးရဲ့ လူတစ်ဦးချင်း သုံးစွဲနိုင်မှုအခြေအနေကို Kilo Watt Hour ဒါကယူနစ်ဖြစ်ပါတယ်။ ယူနစ်ပေါင်း ဘယ်လောက်သုံးစွဲတယ်ဆိုတဲ့ဟာကို လွယ်ကူစွာ သိရှိအောင် တင်ပြခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုအစိုးရ အနေဖြင့်လည်း ကျေးလက်ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအစီအမံများကို စတင်တာဝန်ယူကတည်းက နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိရာမှာ အသေးစား (Small Scale)၊ အငယ်စား (Mini) စတဲ့ ရေအားလျှပ်စစ်များ အစီအရီ ထွက်ပေါ်လာရေး၊ နိုင်ငံတော်ဓာတ်အားစနစ်မှ မျှတခွဲယူပေးရေးတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိရာ တွေ့ရှိရမှာဖြစ်ပါတယ်။ သို့သော် မြန်မာနိုင်ငံ လူဦးရေစုစုပေါင်းရဲ့ (၇၀)ရာခိုင်နှုန်းခန့်ရှိတဲ့ ကျေးလက်နေပြည်သူအများစုဟာ ဆယ်စုနှစ် ထက်ဝက်အတွင်း လျှပ်စစ်နဲ့အလှမ်းဝေးကွာနေဦးမယ်လို့ ခန့်မှန်းပါတယ်။ သို့ရာတွင် သစ်မရမီ ဝါးဖြင့်ဖောင်ဖွဲ့ဟူသော ဆိုရိုးစကားအတိုင်း စွမ်းအင်ဝန်ကြီးဌာနမှ လျှော့ချထုတ်လုပ်နေသော ရေနံဆီကို ကျေးလက်ပြည်သူသုံး သုံးစွဲနိုင်သောဈေးနှုန်း၊ အမှန်တကယ် သုံးစွဲသူလက်ဝယ်သို့ လွယ်လွယ်ကူကူ ရောက်ရှိအောင် ဖြန့်ဖြူးတဲ့စနစ်စတဲ့ တတ်နိုင်သမျှ ဟာကွက်နည်းမယ့် အစီအစဥ်များနဲ့ ထုတ်လုပ်ဖြန့်ဖြူးပေးသင့်ပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော့်အနေနဲ့ ကျေးလက်နေ ပြည်သူသုံး

ရေနံဆီကို သင့်တင့်လုံလောက်စွာ ထုတ်လုပ်ဖြန့်ဖြူးပေးရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုကို လေးလေးနက်နက် တိုက်တွန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**အချိန်၊ ၁၂း၄၀။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်သူရှိပါက ဆောင်ရွက်ဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂း၄၀။**

**ဦးစိုးအောင် မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၆) မှ ဦးမျိုးမြင့် ရဲ့ ကျေးလက်နေ ပြည်သူသုံး ရေနံဆီကို သင့်တင့်လုံလောက်စွာ ထုတ်လုပ်ဖြန့်ဖြူးပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို အမျိုးသားလွှတ်တော်မှ လက်ခံဆွေးနွေးရန် သင့်ပါကြောင်း ကျွန်တော် မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးစိုးအောင် မှ အလေးအနက် ထောက်ခံပါတယ် ခင်ဗျား။

**အချိန်၊ ၁၂း၄၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးမျိုးမြင့် တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ ကျေးလက်နေ ပြည်သူသုံး ရေနံဆီကို သင့်တင့် လုံလောက်စွာ ထုတ်လုပ်ဖြန့်ဖြူးပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်း ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးမျိုးမြင့် ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၄၂။**

**ဥက္ကဋ္ဌ။** ။ ဦးမျိုးမြင့် တင်သွင်းတဲ့ အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ပဉ္စမနေ့အစည်းအဝေး ရပ်နားကြောင်းနှင့် ဆဋ္ဌမနေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၂း၄၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၄၃။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးပဉ္စမနေ့အစည်းအဝေးကို ၁၂း၄၃ နာရီအချိန်တွင် ရပ်နားပါသည်။]